# ကြေးမုံ
The Mirror Daily
Established in 1957



ကပ်ငြိတွယ်တာမှုမရှိ
လာကြကုန်လော့ (ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။
လောကဝဂ်(ဓမ္မပဒ-၁၇၁)



၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ရက်၊ ကြာသပတေးနေ့။ Thursday 28 November 2019 ၉၈၄၇


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်
(၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

၁။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်ဖြစ်ပါသည်။ ဤကိစ္စသည် နိုင်ငံ၏အကျိုးစီးပွား၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ လူမျိုးပြုန်းတီးစေမှု(Genocide)ဆိုသည်မှာ လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူစုတစ်စုကိုဖြစ်စေ၊ သတ်ဖြတ်ခြင်း၊ ပြုန်းတီးခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤကိစ္စသည် ယဉ်ကျေးသည့် ကမ္ဘာသူ၊ ကမ္ဘာသား လူသားစုတစ်ရပ်လုံးက တားဆီးကာကွယ်ရမည့်ကိစ္စဖြစ်၍ အလေးထားဆောင်ရွက်ခဲ့ရာ စတင်လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့နိုင်ငံများတွင် မြန်မာနိုင်ငံသည် (၄၂) နိုင်ငံမြောက် နိုင်ငံဖြစ်ပါသည်။ **"လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ် (Convention for the Prevention and Punishment of the Crime of Genocide)"**ကို မြန်မာနိုင်ငံက ၃၀-၁၂-၁၉၄၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၄-၃-၁၉၅၆ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာရေးဆရာကြီး ဦးတင်မောင်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၇**
၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်

**စာမျက်နှာ ၆ ကော်လံ ၁ ○**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေး တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**
ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဘူဆန်မြို့ရှိ Nurimaru APEC House သို့ ရောက်ရှိရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## မိတ်ဖက်ဆက်ဆံရေးသစ်ဖြစ်ထွန်း

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား စီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်များ၏ ထိပ်သီးအစည်းအဝေး ၂၀၁၉ တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က " ဖွံ့ဖြိုးတိုးတက်မှု မျှဝေခံစားခြင်းကို တိုးမြှင့်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် မိတ်ဖက်ဆက်ဆံရေးသစ်များ တည်ဆောက်ရာမှာ မြန်မာနိုင်ငံ ပြန်လည်ပေါင်းစည်းပါဝင်လာခြင်းက အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးလျက်ရှိပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနိုင်ရေး ကြိုးပမ်းအားထုတ်ရာ၌ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် စွမ်းအင်နှင့်အရင်းအမြစ် သုံးစွဲခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ တိုးပွားလာသော လူဦးရေနှင့်တိုက်ရိုက်အချိုးကျသည့် စားနပ်ရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်ရရှိရေး စိန်ခေါ်မှုများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ စသည်ဖြင့် စိန်ခေါ်မှုမျိုးစုံတို့ကို ဖြတ်သန်းကျော်လွှားနေကြရသည်။

စိန်ခေါ်မှုဟူသည် အဟန့်အတား အတားအဆီးတစ်ရပ်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုသည် ထိုအဟန့်အတားကို ဖယ်ရှားနိုင်မည့် တွန်းအားတစ်ရပ်ဖြစ်သည်။ မိသားစုသဖွယ် ဆက်နွှယ်နေသည့် ယနေ့ကမ္ဘာကြီးတွင် နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခက်အခဲများအား သီးခြားစီဖြေရှင်းမည့် အလားအလာများကို ရှောင်ရှားပြီး ဘက်ပေါင်းစုံမှကြည့်၍ ပူးပေါင်းလက်တွဲကာ စုပေါင်းအဖြေရှာဖို့ လိုအပ်ကြောင်း ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

တိုးတက်မှုနှင့်စိန်ခေါ်မှု ရင်ဆိုင်ကြုံတွေ့နေရသည့် နယ်ပယ်များကြားတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများကို အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖန်တီးပေးလျက်ရှိသည်။ ထွန်းသစ်စမြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ရေးကို အာရုံစိုက်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေအကျယ်ပြန့်ဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၅၃ သန်းကျော်သာ ရှိသည်။ အလုပ်လုပ်နိုင်သောငယ်ရွယ်သူအများစုသည် နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိသည်။ မြန်မာနိုင်ငံ၏ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်းသည် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအကြားရှိသည်။ အာဆီယံနိုင်ငံများတွင် စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံများတွင် ပါဝင်သည်။ အကြီးမားဆုံး ဒေသတွင်းအုပ်စုနှစ်စုဖြစ်သည့် မဟာမဲခေါင်ဒေသခွဲနှင့် တောင်အာရှဒေသခွဲအုပ်စုတို့ကို ချိတ်ဆက်ထားသည့် မဟာဗျူဟာကျသော နေရာတွင်တည်ရှိသည်။ သဘာဝဓာတ်ငွေ့ ၁၇ ထရီလီယံကုဗမီတာ၊ ရေနံစိမ်းစည်ပေါင်း ၃ ဒသမ ၂ ဘီလီယံ၊ ရှားပါးသည့် သယံဇာတများ၊ ဓာတ်သတ္တုများနှင့် တွင်းထွက်ရတနာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ စသည့် အရင်းအမြစ်များကြွယ်ဝသည့် နိုင်ငံဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ ၂၀၁၇ ခုနှစ်တွင် ၂၃ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ အာဆီယံနိုင်ငံများသည် ကိုရီးယားသမ္မတနိုင်ငံ၏ ဒုတိယကုန်သွယ်မှုအများဆုံး မိတ်ဖက်ဖြစ်လာသောအခါတွင် ထိုတိုးတက်မှုများကို မြန်မာနိုင်ငံအနေဖြင့် မျှဝေခံစားမှုရရှိလာသည်။ စက်မှုကဏ္ဍ၌ တိုးတက်မှုများရရှိခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်လာခြင်းနှင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား၊ ကိုရီးယား-မြန်မာ စက်မှုဇုန် အပါအဝင် မဟာဗျူဟာကျသည့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းသစ်များ ဖြစ်ထွန်းလာသည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို မျှဝေခံစားခြင်း တိုးမြှင့်နိုင်ရန်အတွက် မိတ်ဖက်ဆက်ဆံရေးသစ်များ တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ပြန်လည်ပေါင်းစည်းပါဝင်လာမှုများသည် အခွင့်အလမ်းကောင်းများကို သေချာစွာ ဆောင်ကြဉ်းပေးနိုင်ပြီဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်းသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီ မိုင်သရဖိတ်ပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီ မိုင်သရဖိတ်ပ်အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ထိုင်းနှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားနိုင်ရေး၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းများ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**

## မြန်မာ-ကိုရီးယား သွားဘက်ဆိုင်ရာပညာရှင်များ သွားနှင့် ခံတွင်းရောဂါ အခမဲ့ကွင်းဆင်းကုသ

**နေပြည်တော် နိုဝင်ဘာ ၂၇**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ် သွားဘက်ဆိုင်ရာဆေးရုံကြီး (Seoul National University Dental Hospital)တို့အကြား နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် ပါမောက္ခ ယောင်ဂျေကင်(Prof.Young Jae Kim) ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကာကွယ်ရေး နှင့် လူထုသွားကျန်းမာရေးပညာဌာနမှ ဆရာ ဆရာမများ၊ အလုပ်သင် ဆရာဝန်များ၏ ကွင်းဆင်းကုသရေးခရီးစဉ်၌ အတူလိုက်ပါ၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကုသရေးလုပ်ငန်းများကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ အ.မ.က (၁၉) နှင့် အ.ထ.က (စိုက်/မွေး) လေးထောင့်ကန်၊ သဃ်န်းကျွန်းမြို့နယ် အ.လ.က(၂) သုဝဏ္ဏကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၁၃၅ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသမှုပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၅,၉၅၂ | ၆၈,၄၅၃,၅၀၀ |
| MTSH | ၄,၀၀၀ | ၄,၀၀၀ | ၃,၄၂၈ | ၁၃,၆၉၂,၀၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၂,၅၀၀ | ၁၂ | ၂၇၃, ၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၅၀ | ၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၇

ရန်ကုန်(ရွှေဈေး) ၁၁၇၃၅၀၀ မန္တလေး(ရွှေဈေး) ၁၁၇၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၉၀ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၈၅ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၂.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၅.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၀၅၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၂၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၅.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၅၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၇.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ကာ စနစ်တကျ ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် နိုင်ငံတစ်ဝှမ်းရှိ လူထုလူတန်းစားအသီးသီးက ထောက်ခံမှုများပြသလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ဤကိစ္စသည် နိုင်ငံ့အရေးကိစ္စ၊ နိုင်ငံ့အကျိုးစီးပွားကိစ္စဖြစ်၍ "အရေးကြီးပြီ သွေးစည်းကြစို့"ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် ကြီးမားလှသော အင်အားကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ယခုအမှုကို ရင်ဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကို ဖြစ်စေ၊ မည်သည့်လူ့အစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း၊ အလျဉ်းမပြုလုပ်ဘဲ ဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာကသိရှိနားလည်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်**

✻ ရှေ့ဖုံးမှ

အဆိုပါ သဘောတူစာချုပ်ကို လက်ခံအတည်ပြုရန် ၂-၉-၁၉၅၅ ရက်နေ့တွင် သက်ဆိုင်ရာဝန်ကြီးက ပါလီမန်သို့ တင်ပြခဲ့စဉ်ကလည်း **"မြန်မာနိုင်ငံအနေဖြင့် ယနေ့အထိ ရဲရဲတင်းတင်းပြောရဲကြောင်း၊ လူတစ်စုနှင့် တစ်စုဖြစ်စေ၊ ဘာသာတစ်ခုနှင့်တစ်ခု ကိုးကွယ်သည့်လူမျိုးအလိုက်ဖြစ်စေ၊ လူတစ်စုအလိုက်ဖြစ်စေ ယနေ့အထိ ဤကိစ္စမျိုးမပေါ်သေးဖူးကြောင်း၊ နောင်ကိုလည်း ပေါ်စရာအကြောင်းမရှိကြောင်း"** ရှင်းလင်းတင်ပြခဲ့ပြီး ပါလီမန်၏အတည်ပြုချက်ကိုရယူခဲ့ပါသည်။ ယနေ့ကာလအထိလည်း မြန်မာနိုင်ငံအနေဖြင့် **"လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ်"**အား လက်ခံအတည်ပြုစဉ်က ရပ်တည်ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၃။ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ကာ စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုအပေါ် နိုင်ငံတစ်ဝှမ်းရှိ လူထုလူတန်းစား အသီးသီးက ထောက်ခံမှုများပြသလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဤကိစ္စသည် နိုင်ငံ့အရေးကိစ္စ၊ နိုင်ငံ့အကျိုးစီးပွားကိစ္စဖြစ်၍ **"အရေးကြီးပြီ သွေးစည်းကြစို့"** ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် ကြီးမားလှသောအင်အားကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ယခုအမှုကို ရင်ဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူ့အစုအဖွဲ့ကို ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း၊ အလျဉ်းမပြုလုပ်ဘဲ ဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာက သိရှိနားလည်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းက ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ မဲခေါင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုမှာ အောင်မြင်မှုများရရှိခဲ့ပြီး မဲခေါင်ဒေသ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မဲခေါင်- ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအား ထိပ်သီးအစည်းအဝေး အဆင့်သို့ မြှင့်တင်နိုင်ခြင်းသည် မဲခေါင်-ကိုရီးယား နိုင်ငံ့ခေါင်းဆောင်များ၏ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအပေါ် အလေးအနက်ထားမှုအား ပြသခြင်းဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ New Southern Policy၊ အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုနှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုနေသည့်အတွက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ မဲခေါင်ဒေသနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဒေသတွင်း၌ ငြိမ်းချမ်းသာယာသော ပြည်သူ့အခြေပြု လူမှုအသိုက်အဝန်းများ ထူထောင်ရေးအပေါ် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် နိုင်ငံများအားလုံးအတွက် အလွန်အရေးကြီးသော လုပ်ငန်းဖြစ်သည့် အားလျော်စွာ "မဲခေါင်- ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ဇီဝ မျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးစင်တာ" ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံတည်ထောင်ရန် အဆိုပြုလိုပါကြောင်း၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအရ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ကိုရီးယားသမ္မတနိုင်ငံမှ ရန်ပုံငွေထောက်ပံ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၄ သို့ ❍**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဲခေါင်- ကိုရီးယား ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်။

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၃ မှ

ထိပ်သီး အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ် ချန်အိုချာ တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာပရက်ဆိုခွန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ တက်ရောက်ကာ မဲခေါင်-ကိုရီးယား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကြသည်။

### ထုတ်ပြန်ကြေညာ

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် "မဲခေါင်မြစ်နှင့် ဟန်မြစ်ကြေညာချက်" " Mekong – Han River Declaration" ကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်အရ မဲခေါင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့သည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နည်းပညာ၊ အခြေခံ အဆောက်အဦ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍတို့တွင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံစဉ်။


ကြရန်လိုကြောင်း၊ ပြည်ပရောက် နိုင်ငံသားများအချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီစောင့်ရှောက်ရန်နှင့် စပ်လျဉ်းသည့် မေးခွန်းများအား ပြန်လည်ရှင်းလင်း ပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံမှူးကြီး Mr. JUNG Yung Soo နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြပြီး ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ-ကိုရီးယား ပြည်သူ့ဝန်ဆောင်မှု တီထွင်ပြောင်းလဲရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပြပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်အဖွဲ့လည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**



### ကြိုဆို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံမှူးကြီး Mr. JUNG Yung Soo နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

### ပြန်လည်ထွက်ခွာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယား သမ္မတနိုင်ငံ ဘူဆန်မြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာရာ ဘူဆန်မြို့ Gimhae လေတပ်ဌာနချုပ်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုစဉ်။



ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာပြပွဲ၌ ပြသထားမှုများအား ကြည့်ရှုသည်။

### ရင်းရင်းနှီးနှီး တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘူဆန်မြို့ စာစန်းခရိုင်ခန်းမ၌ ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသားများအနေဖြင့် အိမ်ရှင်နိုင်ငံသားများ၏ လေးစားမှုရှိအောင် နေထိုင်လုပ်ကိုင်လိုကြောင်းနှင့် မြန်မာသံရုံးအနေဖြင့်လည်း မိမိနိုင်ငံသားများ၏ အရေးကိစ္စများကို ပိုမိုအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ မေးမြန်းသည့် ကိုရီးယားနိုင်ငံ၌ မြန်မာအလုပ်သမားသံအရာရှိတစ်ဦး ထပ်မံခန့်ထားပေးရေးကိစ္စ၊ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားအာမခံကြေးများ ပြန်လည်ထုတ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံသို့ ငွေလွှဲပို့ရာတွင် ပိုမိုလွယ်ကူမြန်ဆန်ရေး ကိစ္စရပ်များ

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lee Tae Ho နှင့် တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့်ဇနီး ဒေါက်တာနန်းမြတ်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆန်းဟွာ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ မိသားစုများက ကိုရီးယား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဘူဆန်မြို့ Gimhae လေတပ်ဌာနချုပ် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့

## မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရေလုပ်ငန်း၊ နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့၌ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိကျင်းပသည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၂၅ ရက်နေ့၊ နံနက်ပိုင်းတွင်Exhibition Centre II, BEXCO ၌ ကျင်းပပြုလုပ်သည့် ASEAN-ROK CEO Summit ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN-ROK Culture Innovation Summit ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး "Growing with Art" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘူဆန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်၌ မြန်မာဘာသာအထူးပြုသင်ယူနေကြသည့် ကိုရီးယားကျောင်းသူ ကျောင်းသားများနှင့် ဘူဂယောင်းအမျိုးသားတက္ကသိုလ်၌ ပညာဆည်းပူးနေကြသော မြန်မာကျောင်းသူ ကျောင်းသားများနှင့်တွေ့ဆုံကာ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Exhibition Centre II, BEXCO ၌ ကျင်းပသည့် ASEAN-ROK CEO Summit တွင် " New Partnership for Co-Prosperity of Korea and ASEAN Businesses" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး ညနေပိုင်းတွင် Cruise Grand Ballroom, Hilton Busan ၌ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းက အာဆီယံ နိုင်ငံခေါင်းဆောင်များအား တည်ခင်းသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၂၆ ရက်နေ့၊ နံနက်ပိုင်းတွင် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက ပြီးခဲ့သည့်နှစ်ပေါင်း (၃၀)ကာလအတွင်း အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီးနောက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အလားအလာများကိုလည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးတို့အတွက် ပေါင်းစည်းဆက်သွယ်မှုပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN-ROK Startup Summit သို့ တက်ရောက်ပြီး Innovation Showcase 2019 ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Nurimaru APEC House တွင် ကျင်းပသော ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကိစ္စရပ်များကို ဆွေးနွေးသည့် ခေါင်းဆောင်များ၏ သီးသန့်နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Westin-Chosun ဟိုတယ်၌ သမ္မတ မစ္စတာမွန်ဂျေအင်းနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မကြာသေးမီက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် သမ္မတ မစ္စတာမွန်ဂျေအင်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားသဘောတူညီခဲ့သောကိစ္စရပ်များ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ၊ ယဉ်ကျေးမှု၊ ပညာရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အဦနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ကိုရီးယား EPS စနစ်ဖြင့် မြန်မာအလုပ်သမားများ ပိုမိုတိုးမြှင့်ခေါ်ယူရေး၊ ကိုရီးယားယဉ်ကျေးမှုကို စိတ်ဝင်စားသူ မြန်မာလူငယ်များအား K-Wave Academy မှ ကူညီပံ့ပိုးပေးရေးနှင့် ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတွင် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံဖွင့်လှစ်ရေး ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သမ္မတ မစ္စတာ မွန်ဂျေအင်းနှင့်အတူ နှစ်နိုင်ငံအကြား "ရေလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ"များ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN Culture House သို့ သွားရောက်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၏ ပြခန်းများကို လေ့လာကြည့်ရှုပြီးနောက် ညနေပိုင်းတွင် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေး၏ ကြိုဆိုဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၂၇ ရက်နေ့၊ နံနက်ပိုင်းတွင် ပထမအကြိမ် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ခေါင်းဆောင်များက အတူတကွ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲခေါင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့၏ ဇီဝမျိုးစုံမျိုးကွဲ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးပြပွဲသို့ လေ့လာကြည့်ရှုသည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများနှင့် စာစန်းခရိုင်ခန်းမ၌တွေ့ဆုံကာ မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာအလုပ်သမားများ၏ မေးမြန်းချက်များကို ဖြေကြားပေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် "ကိုရီးယားအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးနေ့(၂၀၁၉)" အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Development Cooperation) ကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ (၅)နိုင်ငံတို့မှ တက်ရောက်လာကြသောဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် (၅)နိုင်ငံတို့သည် အဆိုပါနားလည်မှုစာချွန်လွှာမှတစ်ဆင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ စစ်ပွဲများမှ ကျန်ရှိခဲ့သည့် ပေါက်ကွဲစေနိုင်သောပစ္စည်းများ ရှင်းလင်းရေးကဏ္ဍ၊ အဆင့်မြင့်မြို့တော်များတည်ဆောက်ရေးကဏ္ဍနှင့် ဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုမြှင့်တင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် "ပြည်သူကို ဗဟိုပြုသည့် ပြည်ပဖွံ့ဖြိုးရေးအကူအညီ"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေးတို့ အပြီးတွင် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် မိတ်ဖက်ဆက်ဆံရေးတို့အတွက် အာဆီယံ-ကိုရီးယား ပူးတွဲမျှော်မှန်းချက်ဆိုင်ရာ ကြေညာချက်(ASEAN-ROK Joint Vision Statement for Peace, Prosperity and Partnership)၊ အာဆီယံ-ကိုရီးယား အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး ပူးတွဲဥက္ကဋ္ဌများ၏ ကြေညာချက် (Co-chairs Statement on the ASEAN-ROK Commemorative Summit) နှင့် မဲခေါင်-ဟန်မြစ် ကြေညာချက် (Mekong-Han River Declaration) တို့ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်**



## ပြည်တွင်းရေးရာ

○ နိုင်ငံတော်သမ္မတမှ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ယခင်အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးများ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုလက်ခံရယူကြမည့် ပုဂ္ဂိုလ်များ၊ စာပေပညာရှင်ကြီးများ၊ စာပေလောကသားများ၊ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတသည် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးများ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားစာပေဆုရရှိကြသူများနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ၂၀၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တစ်သက်တာစာပေဆုရ ပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမျိုးသားစာပေဆုရစာအုပ်များနှင့် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

### နှုတ်ခွန်းဆက်သ

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစာပေဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုလက်ခံရယူကြမည့်ပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ စာပေလောကသားများ၊ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အမိမြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် စာဆိုတော်နေ့အခမ်းအနားကို ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၇၅ နှစ်ခန့် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ ဘာသာသာသနာ၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး၊ စာပေယဉ်ကျေးမှုအသိပညာအဖြာဖြာ တိုးတက်ဖွံ့ဖြိုးအောင် ခေတ်အဆက်ဆက်တွင် ကလောင်ကိုင်စွဲပြီး ပါဝင်ကြိုးပမ်းခဲ့ကြသည့် စာပေပညာရှင် စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အသိအမှတ်ပြု ချီးမြှောက်ဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲကျင်းပကြပါကြောင်း၊ ယခုအချိန်တွင် ယင်းအစဉ်အလာသည်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစာပေဆုရရှိကြသူများနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဂန္ထဝင်မြောက် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်အဖြစ် တည်ရှိနေခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မင်္ဂလာရှိသည့် အခမ်းအနားတွင် စာပေကို ချစ်မြတ်နိုးသူ စာပေပညာရှင်များ၊ စာပေလောကသားများကို လေးစားသူ တစ်ယောက်အနေဖြင့် အမှာစကားပြောကြားခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်ရပါကြောင်း။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်လျှင် ပုဂံခေတ်မှအစပြုပြီး မျက်မှောက်ခေတ်အထိ ဖြတ်သန်းလာခဲ့သည်မှာ နှစ်ပေါင်းတစ်ထောင်နီးပါး သက်တမ်းရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရှည်ကြာလှသည့် ယင်းကာလအတွင်း ပေါ်ထွန်းခဲ့သည့် မြန်မာစာပေလက်ရာများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဂုဏ်ယူဖွယ်ရာ အခိုင်အမာတည်ရှိနေပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် ရဟန်းစာဆို၊ လူစာဆို များစွာပေါ်ထွန်းခဲ့ပြီး ၎င်းစာပေပညာရှင်ကြီးများသည် နိုင်ငံသူနိုင်ငံသားများအတွက် အဖိုးထိုက်တန်လှသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုခဲ့ကြပါကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်း



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၀၉ မှ ၂၀၁၈ ခုနှစ်အထိ အမျိုးသားစာပေဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

ခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်မှသည် ယနေ့မျက်မှောက်ကာလအထိ မြန်မာစာပေသည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် ပုံသဏ္ဍာန်မျိုးစုံနှင့် ပေါ်ထွန်းခဲ့သည့် စာပေများသည် မြန်မာ့စာပေနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဖွံ့ဖြိုးရှင်သန်အောင် မြှင့်တင်ပေးခဲ့ကြပါကြောင်း။

မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ခက်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်မှန်းပြီး မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင်ကို ဖော်ကျူးထင်ဟပ်နိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း မင်္ဂလာတရားနှင့်အညီ နှစ်စဉ်ချီးမြှောက် ဂုဏ်ပြုနေခြင်းသည် နိုင်ငံတော်၏ မွန်မြတ်လှသည့် အစဉ်အလာကောင်း ဖြစ်ပါကြောင်း။

အမျိုးသားစာပေဆုကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပြောင်းလဲချီးမြှင့်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းအဖြစ် ပြည်သူများ အသိဉာဏ်တိုးပွားရန်၊ ကမ္ဘာနှင့်ချိတ်ဆက်နိုင်ရန်အတွက် ဘာသာပြန်စာပေများကို ထုတ်ဝေဖြန့်ချိခဲ့သလို မြန်မာစာပေဖွံ့ဖြိုးရေးအတွက်လည်း စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုကို ၁၉၄၈ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ ယင်းနောက် စာပဒေသာဆု၊ ဘာသာပြန်ဆု စသည်ဖြင့်တိုးလာပြီး ၁၉၅၈ ခုနှစ်တွင် ဆုအမျိုးအစား ၇ မျိုးအထိ ရှိလာခဲ့ပါကြောင်း။

၁၉၆၂ ခုနှစ်တွင် ‘စာပေဗိမာန်ဆု’ ကို ‘အနုပညာဆိုင်ရာစာပေဆု’ ဟု အမည်ပြောင်းလဲခဲ့ပြီး ဘာသာရပ် ၉ မျိုးအထိ တိုးတက်ချီးမြှင့်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပုံနှိပ်ပြီးစာအုပ်နှင့် ပုံမနှိပ်ရသေးသည့်စာမူတို့ ပူးတွဲပြိုင်ပွဲဝင်ရသည့်စနစ် ကျင့်သုံးခဲ့ပါကြောင်း၊ ယင်းနောက် ၁၉၆၅ ခုနှစ်တွင် ‘အမျိုးသားစာပေဆု’ အမည်ဖြင့် ပြောင်းလဲချီးမြှင့်ခဲ့ပါကြောင်း၊ ၁၉၆၉ ခုနှစ်တွင် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရသည့်စနစ်ကို ဖျက်သိမ်းပြီး ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များအနက် ဘာသာရပ်အလိုက် အကောင်းဆုံး တစ်အုပ်စီကို ရွေးချယ်ပြီး အမျိုးသားစာပေဆုအဖြစ် ချီးမြှင့်ခဲ့သည့်စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ စာမူများကို ‘စာပေဗိမာန်စာမူဆု’ဟု ပြောင်းလဲသတ်မှတ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ ကောင်းမွန်သည့်စာမူများ စာအုပ်အဖြစ်ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း။

### ဘာသာရပ် ၁၈ မျိုး ရှိလာ

အမျိုးသားစာပေဆုကို ဘာသာရပ် ၉ မျိုးမှ ဘာသာရပ်များ တဖြည်းဖြည်း တိုးတက်ချီးမြှင့်လာခဲ့သည်မှာ ယခုနှစ်တွင် ဘာသာရပ် ၁၈ မျိုး ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ စာပေဗိမာန်စာမူဆု ပြိုင်ပွဲအတွက်လည်း ဘာသာရပ် ၉ မျိုးမှ တိုးတက်ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် ဘာသာရပ် ၁၃ မျိုး ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် “အမျိုးသားစာပေ တစ်သက်တာဆု” ကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

၂၀၀၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးမှ သုံးဦးအထိ ရွေးချယ်ချီးမြှင့်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် မိမိဘဝတစ်လျှောက်

စာမျက်နှာ ၇ သို့ ❐

**စာကောင်းပေမွန်များသည် ရတနာထက် ပိုမိုတန်ဖိုးရှိပြီး ပညာဗဟုသုတနှင့် ဉာဏ်အမြော်အမြင်တို့၏ ပင်မအရင်းအမြစ်ဖြစ်သလို ယင်းအကြားအမြင် ဗဟုသုတတို့သည်ပင်လျှင် ဘဝအတွက် ခွန်အားများဖြစ်ပါကြောင်း၊ ဘဝခရီးတွင် အကြားအမြင်ဗဟုသုတမရှိဘဲ လုံ့လစိုက်ထုတ်နေခြင်းသည် အလင်းရောင်မပါဘဲ လျှောက်လှမ်းနေခြင်းသာ ဖြစ်ပါကြောင်း၊ စာဖတ်ခြင်းသည်လည်း ဘဝအတွက် အတွေ့အကြုံများ၊ သင်ခန်းစာများကို လေ့လာသင်ယူနေခြင်းပင် ဖြစ်ပါကြောင်း၊ ယင်း အတွေ့အကြုံများ၊ သင်ခန်းစာများကို ရယူကျင့်သုံးတတ်ပါက စာဖတ်သူများအတွက် ဘဝ၏လမ်းပြမြေပုံကောင်းတစ်ခုဖြစ်ပါကြောင်း၊ စာဖတ်ခြင်းက အသိပညာရစေပြီး လက်တွေ့လိုက်နာကျင့်သုံးခြင်းက အတတ်ပညာကို ဖြစ်စေပါကြောင်း၊ ထိုအသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီစွာ အသုံးပြုပြီး ဘဝခရီးတွင် မယိုင်မလဲအောင် လျှောက်လှမ်းနိုင်ပါကြောင်း၊ စာမဖတ်ခြင်းက ဦးနှောက်အာဟာရ ငတ်စေပါကြောင်း၊ ကမ္ဘာလောကကို မျက်ခြည်ပြတ်စေပါကြောင်း၊ လူတိုင်းစာကောင်းပေမွန်များကို ဖတ်လာသည်နှင့်အမျှ မြန်မာ့လူ့အဖွဲ့အစည်း၏ တန်ဖိုးသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်**

စာမျက်နှာ ၆ မှ ❐

သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးသားခဲ့သည့် စာရေးဆရာကြီးတစ်ဦးနှင့် စာပေဖွံ့ဖြိုးရေးဆိုင်ရာ၊ စာပေသုတေသနဆိုင်ရာလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦးတို့ကို တစ်သက်တာဆု ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း စာရေးဆရာကြီးတစ်ဦးနှင့် စာပေပညာရှင်ကြီးတစ်ဦးကို အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်မည်ဖြစ်သည့်အတွက် ကြည်နူးပီတိဖြစ်ရပါကြောင်း။

### တိုးတက်ချီးမြှင့်နိုင်ခဲ့

စာပေပညာရှင်များကို ချီးမြှင့်သည့်ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ စာပေဆုများကို ရွေးချယ်ရာတွင်လည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိရန်နှင့် အမှန်တကယ် ထိုက်တန်သော စာအုပ်များ၊ စာမူများကို မည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့သည့် ပညာရှင်ကြီးနှစ်ဦးသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးနှင့် နိုင်ငံသူနိုင်ငံသားများ အသိပညာကြွယ်ဝရေးအတွက် စာကောင်းပေမွန်များကို တစိုက်မတ်မတ် ရေးဖွဲ့ဖန်တီးခဲ့ကြသူများဖြစ်သည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုလျှင်လည်း ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးသည့် ရသစာပေ၊ သုတစာပေများကို ရေးဖွဲ့နိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းသင့်သည့် အသိပညာများ၊ အတတ်ပညာများကို ပြုစုရေးသားထားသည့် စာအုပ်များဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထောက်ခံထားသည်ကို တွေ့ရပါကြောင်း၊ အလားတူ စာပေဗိမာန်စာမူဆုတွင်လည်း ကလောင်ရင့် စာရေးဆရာများသာမက ကလောင်နုစာရေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။



ဆုရွေးချယ်ချီးမြှင့်နိုင်ရန် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ စာပေဆုရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် စာပေ၏ကဏ္ဍနယ်ပယ်စုံမှ အတွေ့အကြုံ ကြွယ်ဝသည့် ပုဂ္ဂိုလ်များပါဝင်အောင် ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါကြောင်း၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင် ၅၄ ဦးဖြင့်လည်းကောင်း၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင် ၂၇ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီး ဆုရသင့်ရထိုက်သည့်သူများ ဆုရရှိစေရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဟူ၍ အဆင့် ၃ ဆင့်ဖြင့် ပညာရှင်များက လွတ်လပ်စွာ စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။

၂၀၁၈ ခုနှစ်အတွက် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၂၀၄၁ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၈ ခုအနက် ဘာသာရပ် ၁၀ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူပေါင်း ၂၄၈ စောင်ထဲမှ စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် သတ်မှတ်ထားသည့် ဘာသာရပ် ၁၃ ခုအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၄ စောင်တို့ကို ရွေးချယ်ခဲ့ပြီးဖြစ်သည့်အတွက် ယခု အခမ်းအနားတွင် ဆုများချီးမြှင့်သွားဆရာများ၊ ကလောင်လတ်စာရေးဆရာများပါ ဆုအသီးသီးရရှိကြသည်ကို တွေ့ရပြီး ဆုရစာမူများသည်လည်း အကြောင်းအရာ စုံလင်ကာ စာပေအဆင့်အတန်းမီအောင် ရေးဖွဲ့ထားကြကြောင်းကို ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထောက်ခံထားပါကြောင်း၊ ဆုရရှိကြသည့် စာပေပညာရှင်အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ၏အကျိုး၊ အများပြည်သူ၏အကျိုးအတွက် ကလောင်စွမ်းဖြင့် ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

### လေ့ကျင့်သင်ကြားရမည်

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် စွမ်းရည်ထက်မြက်သည့် လူချွန်လူမွန်များ၊ မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ စွမ်းရည်ထက်မြက်သည့် လူချွန်လူမွန်များ၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးရန် လိုအပ်သကဲ့သို့ ယင်းလူငယ်များ၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ စာနာစိတ်ထား၊

**စာပေပညာရှင်များ၊ စာရေးဆရာများက ရေးသားပြုစုလိုက်သည့် စာကောင်းပေမွန်များသည် စာဖတ်သူများ၏ စရိုက်လက္ခဏာ၊ အပြောအဆို၊ အပြုအမူ၊ အတွေးအမြင်များကို ကောင်းမွန်အောင် ပြောင်းလဲပေးနိုင်ပါကြောင်း၊ စာဖတ်သူများတွင် မှန်ကန်သည့် အတွေးအခေါ် အယူအဆများ ဖြစ်ပေါ်လာစေခြင်းသည် မှန်ကန်သည့် ပြုပြင်ပြောင်းလဲမှုများကို ဦးတည်စေပါကြောင်း၊ လောလောလတ်လတ်ဒေသအမြင် ကမ္ဘာ့အမြင်များကလည်း ချေးညှိတက်နေသည့် စိတ်ဓာတ်များ၊ ဟောင်းနွမ်းနေသည့် အစွဲအလမ်းများ၊ အဆိုးမြင်စိတ်များ၊ ကြမ်းတမ်းခက်ထန်မှုများကို ဆေးကြောသန့်စင်နိုင်ပါကြောင်း၊ စာပေလောကသားများအနေဖြင့် တစ်ယောက်တစ်လက် တစ်တပ်တစ်အား စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုများကို ပိုမိုအားကောင်းစေ**

ဗဟုသုတ စသည်တို့၏ အရည်အသွေးများ ဖွံ့ဖြိုးရန်လည်း လေ့ကျင့်သင်ကြားရမည်ဖြစ်ပါကြောင်း၊ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုက်ကျွေးရမည့် "အာဟာရ" မှာ စာပေရတနာပင်ဖြစ်ပါကြောင်း၊ **စာကောင်းပေမွန်များသည် ရတနာထက်ပိုမိုတန်ဖိုးရှိပြီး ပညာဗဟုသုတနှင့် ဉာဏ်အမြော်အမြင်တို့၏ ပင်မအရင်းအမြစ်ဖြစ်သလို ယင်းအကြားအမြင် ဗဟုသုတတို့သည်ပင်လျှင် ဘဝအတွက် ခွန်အားများဖြစ်ပါကြောင်း၊** ဘဝခရီးတွင် အကြားအမြင်ဗဟုသုတမရှိဘဲ လုံ့လစိုက်ထုတ်နေခြင်းသည် အလင်းရောင်မပါဘဲ လျှောက်လှမ်းနေခြင်းသာဖြစ်ပါကြောင်း၊ စာဖတ်ခြင်းသည်လည်း ဘဝအတွက် အတွေ့အကြုံများ၊ သင်ခန်းစာများကို လေ့လာသင်ယူနေခြင်းပင် ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံများ၊ သင်ခန်းစာများကို ရယူကျင့်သုံးတတ်ပါက စာဖတ်သူများအတွက် ဘဝ၏ လမ်းပြမြေပုံကောင်းတစ်ခုဖြစ်ပါကြောင်း၊ စာဖတ်ခြင်းက အသိပညာရစေပြီး လက်တွေ့လိုက်နာကျင့်သုံးခြင်းက အတတ်ပညာကို ဖြစ်စေပါကြောင်း၊ ထိုအသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီစွာ အသုံးပြုပြီး ဘဝခရီးတွင် မယိုင်မလဲအောင် လျှောက်လှမ်းနိုင်ပါကြောင်း၊ စာမဖတ်ခြင်းက ဦးနှောက်အာဟာရငတ်စေပါကြောင်း၊ ကမ္ဘာလောကကို မျက်ခြည်ပြတ်စေပါကြောင်း၊ လူတိုင်း စာကောင်းပေမွန်များကို ဖတ်လာသည်နှင့်အမျှ မြန်မာ့လူ့အဖွဲ့အစည်း၏ တန်ဖိုးသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

### စာပေသည် နိုင်ငံရေးနှင့်လည်းဆိုင်

မကြာခင်က ကျင်းပခဲ့သည့် စာပေဆိုင်ရာ အခမ်းအနားပွဲများသို့ ပေးပို့ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှတ်တရစကားများထဲတွင် စာပေသည် လူမှုရေးနှင့်ဆိုင်သလို နိုင်ငံရေးနှင့်လည်းဆိုင်ကြောင်း၊ ခေတ်များကို မှတ်တမ်းတင်ရာတွင်လည်း သမိုင်းပညာရှင်၊ အတတ်ပညာရှင်များသာမက စာပေအနုပညာရှင်များက မိမိတို့၏ အတွေးအခေါ်များ၊ ရသစွမ်းအားများနှင့် သရုပ်ဖော်ပေးခြင်းကလည်း ထိရောက်ကြောင်း မြွက်ကြားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုဖြစ်စဉ်သည် ရင့်ကျက်တည်ငြိမ်သည့် ဒီမိုကရေစီ နိုင်ငံရေးစနစ်တစ်ရပ်ကို ပုံဖော်နိုင်ရန် အားထုတ်ကြိုးပမ်းနေသည့်အချိန်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိအောင် အနာဂတ်လူငယ်၊ လူရွယ်များကို အသိဉာဏ်ပညာပြည့်ဝစေရန်၊ ဒီမိုကရေစီကို မြတ်နိုးထိန်းသိမ်းတတ်ရန် ‘စာပေ’ အားဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ပါ



အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင်ဆရာကြီး ဦးထွန်းအောင်ချိန် ကျေးဇူးတင်စကား ပြောကြားစဉ်။

ကြောင်း၊ **စာပေပညာရှင်များ၊ စာရေးဆရာများက ရေးသားပြုစုလိုက်သည့် စာကောင်းပေမွန်များသည် စာဖတ်သူများ၏ စရိုက်လက္ခဏာ၊ အပြောအဆို၊ အပြုအမူ၊ အတွေးအမြင်များကို ကောင်းမွန်အောင် ပြောင်းလဲပေးနိုင်ပါကြောင်း၊ စာဖတ်သူများတွင် မှန်ကန်သည့် အတွေးအခေါ် အယူအဆများ ဖြစ်ပေါ်လာစေခြင်းသည် မှန်ကန်သည့် ပြုပြင်ပြောင်းလဲမှုများကို ဦးတည်စေပါကြောင်း၊ လောလောလတ်လတ်ဒေသအမြင် ကမ္ဘာ့အမြင်များကလည်း ချေးညှိတက်နေသည့် စိတ်ဓာတ်များ၊ ဟောင်းနွမ်းနေသည့် အစွဲအလမ်းများ၊ အဆိုးမြင်စိတ်များ၊ ကြမ်းတမ်းခက်ထန်မှုများကို ဆေးကြောသန့်စင်နိုင်ပါကြောင်း၊**

စာမျက်နှာ ၈ သို့ ❋



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့ စာပေဗိမာန်စာမူဆုရပုဂ္ဂိုလ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❋ စာမျက်နှာ ၇ မှ

**စာပေလောကသားများအနေဖြင့် တစ်ယောက်တစ်လက် တစ်တပ်တစ်အား စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုများကို ပိုမိုအားကောင်းစေပါကြောင်း။**

**မုဒိတာပွားကြရ**

ယနေ့ကျင်းပသည့် အခမ်းအနားသည် စာပေပညာရှင်ကြီးများက မိမိတို့၏ စာပေဝါသနာ အရင်းခံအပေါ်တွင် တိုင်းပြည်နှင့် လူမျိုးအတွက်ထားရှိသည့် စိတ်စေတနာများ ထပ်ဆင့်ပြီး ရေးသားပြုစုခဲ့သည့် စာပေလက်ရာများနှင့် ၎င်းတို့ထမ်းရွက်ခဲ့သည့် စာပေတာဝန်များအတွက် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားဖြစ်ခြင်းကြောင့် ကာယကံရှင် စာပေပညာရှင်ကြီးများနည်းတူ မိမိတို့လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြရပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာအစဉ်အလာတစ်ရပ် ဖြစ်ပါကြောင်း၊ ယင်းအစဉ်အလာကောင်း အစွန့်ရှည်တည်တံ့ရန်အတွက် စာပေပညာရှင်များရော၊ စာပေကို တန်ဖိုးထားသည့် ပုဂ္ဂိုလ်များ အဖွဲ့အစည်းများကပါ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ စာပေပညာရှင်များအနေဖြင့်လည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်နှင့်စနစ်ကို ထင်ဟပ်သော၊ နိုင်ငံကိုကောင်းကျိုးပြုသော၊ နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်နိုင်သော စာကောင်းပေမွန်များ ဖန်တီးရေးဖွဲ့နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်အောင် အချိန်အား၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ စာပေလောကသားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးအနက် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာရေးဆရာကြီး ဦးတင်မောင်မြင့်နှင့် စာပေပညာရှင် ဆရာကြီး ဦးထွန်းအောင်ချိန်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသည့် ဝတ္ထုရှည်ဆုရ ဂျူး၊ ဝတ္ထုတိုဆုရ မြစ်ကျိုးအင်း၊ ကဗျာဆုရ ကိုသန်းထွန်းနှင့် စာပဒေသာဆုရ မသန်းသန်း(မန်းတက္ကသိုလ်) တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသည့် ဘာသာပြန် (ရသ) ဆုရ ဝေယံဘုန်း၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုရ မြဝင်း(ဒဿန)နှင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ မောင်ကျေးရေ (ဦးမြင့်သိန်း)တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသည့် နိုင်ငံရေးစာပေဆုရ အောင်မြင့်ဦး(မဟာဝိဇ္ဇာ)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုရ Kyaw Zwa Moe နှင့် ရသစာတမ်း (အက်ဆေး)ဆုရ မင်းချမ်းမွန်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသည့် ဝတ္ထုရှည် ပထမဆုရ ကေ(တောင်တန်းပြာ)၊ ဝတ္ထုရှည် ဒုတိယဆုရ ယွန်းမြတ်မွန်းသျှန်၊ ဝတ္ထုရှည် တတိယဆုရ မောင်နေခြည် (ပြည်)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သုတိဩဘာ(ဆင်ပေါင်ဝဲ)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ နေစိုးသော်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ကျိုက်စကောခင်စိုး၊ ကဗျာပေါင်းချုပ် ပထမဆုရ မောင်ဟန်တင့်(ပင်လည်ဘူး)နှင့် ကဗျာပေါင်းချုပ် ဒုတိယဆုရ ခက်လှိုင်းကျော်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသည့် ကဗျာပေါင်းချုပ် တတိယဆုရ အထဝါစိုး(မန္တလေး)၊ သုတပဒေသာ(ဝိဇ္ဇာ) ဒုတိယဆုရ မေမြန်မာ၊ သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရ မောင်ခွန်နွယ်(အင်းလေး)၊ သုတပဒေသာ(သိပ္ပံ) ပထမဆုရ ကိုတူး(သာယာမြိုင်)၊ သုတပဒေသာ(သိပ္ပံ) တတိယဆုရ မောင်အောင်(မွေးကု)၊ စာပဒေသာ ပထမဆုရ ထက်ခိုင်၊ စာပဒေသာ ဒုတိယဆုရ မင်းသျှင်အောင်(တွံတေး)နှင့် စာပဒေသာ တတိယဆုရ နေအောင်သူ(ကနီ)တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိကြသည့် မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ ဇော်လွင်ဦး(ဟသ်ာတ)၊ ကလေးစာပေ ပထမဆုရ မောင်လွန်းမြိုင်(ပင်လည်ဘူး)၊ ကလေးစာပေ ဒုတိယဆုရ ပုလောစိုးနံ့သာ၊ ကလေးစာပေ တတိယဆုရ ညွှန့်ဝင်း(နတ်တလင်း)၊ လူငယ်စာပေ ဒုတိယဆုရ တင်လင်းဇော်၊ လူငယ်စာပေ တတိယဆုရ နိုက်၊ ပြဇာတ်စာပေဒုတိယဆုရ ငွေလမင်း(မကွေး)နှင့် ပြဇာတ်စာပေတတိယဆုရ မောင်လွယ်အိတ်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုရရှိသူများကိုယ်စား ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင် ဆရာကြီး ဦးထွန်းအောင်ချိန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့သည် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးများနှင့်လည်းကောင်း၊ အမျိုးသားစာပေဆုရပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ စာပေဗိမာန် စာမူဆုရပုဂ္ဂိုလ်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ ဂျူးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမျိုးသားစာပေဆု ဘာသာပြန် (ရသ) ဆုရ ဝေယံဘုန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ အောင်မြင့်ဦး(မဟာဝိဇ္ဇာ) အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ကေ(တောင်တန်းပြာ) အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း စာပေဗိမာန် စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရ အထဝါစိုး(မန္တလေး)အား ဆုပေးအပ် ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ ဇော်လွင်ဦး (ဟသ်ာတ)အား ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အဆောက်အဦ ပြင်ဆင်မွမ်းမံပြီးစီးမှုနှင့် စာပေဗိမာန်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦအတွင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ ရောက်ရှိကြပြီး စာကြည့်တိုက်အဆောက်အဦ ပြင်ဆင်မွမ်းမံဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

နိုင်ငံတော်သမ္မတအား ရှင်းလင်းဆောင်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာငွေရရှိမှု၊ အဆောက်အဦ မွမ်းမံပြင်ဆင်ခြင်းအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ Digital Library and Library Automation နှင့် ဆက်စပ်လုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရွေးချယ်သတ်မှတ်

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)အား နိုင်ငံသူ နိုင်ငံသား လူတန်းစားအလွှာအသီးသီး အသုံးချနိုင်ရေးအတွက် ဦးတည်၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်ကို အများပြည်သူ အလွယ်တကူ သွားလာနိုင်သော ရန်ကုန်မြို့လယ်နေရာကို ရွေးချယ်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ အများပြည်သူ အကြားအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်များ မြင့်မားလာစေခြင်းဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးရှိလာမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ငွေကြေးကုန်ကျသလောက် အကျိုးဖြစ်ထွန်းစေလိုပါကြောင်း၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်သည့် နေရာနှင့် စာကြည့်တိုက်အား အသုံးချနိုင်သည့် အခြေအနေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ပညာရှင်အသီးသီးက ရှုထောင့်အသီးသီးမှ လာရောက်လေ့လာ မှတ်သား အသုံးချခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို စာကြည့်တိုက်အင်္ဂါရပ်နှင့် လျော်ညီအောင် ဆောင်ရွက်ထားသည့်အပြင် ခေတ်မီအောင် တည်ဆောက်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ သတ်မှတ်သည့်ကာလအတွင်း အချိန်မီပြီးစီးအောင် အထူးဂရုပြုဆောင်ရွက်စေလိုပါကြောင်း၊ တာဝန်ရှိသူများအားလုံးက တိုင်းပြည်အပေါ် စေတနာထားပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်က အမျိုးသားစာကြည့်တိုက် (ရန်ကုန်) မွမ်းမံပြင်ဆင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဒေါ်ဝင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်တို့က စာကြည့်တိုက်အတွက် လိုအပ်ချက်များ၊ ရှေးဟောင်းအဆောက်အဦများအား ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆောက်အဦအတွင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဆောင်ရွက်ထား

ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာကြည့်တိုက်သုံးပရိဘောဂများ၊ စက်ပစ္စည်းများအား သတ်မှတ်နေရာများတွင် ထည့်သွင်းတပ်ဆင်ခြင်း၊ နေရာချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ကာ e- Library နှင့် ဆက်စပ်လုပ်ငန်းများအား System တစ်ခုလုံး လည်ပတ်နိုင်ရေးအတွက် Library Management System ပိုင်းအား အသေးစိတ် စမ်းသပ်စစ်ဆေးခြင်း၊ Data Entry သွင်းခြင်း၊ e-Book (PDF) များကို System တွင် ချိတ်ဆက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ရှားပါးစာအုပ် စာနယ်ဇင်း ၄၂၃၈၃ အုပ်/စောင်၊ စာအုပ်စာနယ်ဇင်း ၃၈၀၈၃ အုပ်/စောင်၊ ပေစာ ၂၄၆၇ ထုပ်တို့ကို ရွှေ့ပြောင်းထားရှိပြီး ကျန်ရှိသော စာပေပစ္စည်းများ ဆက်လက် ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်သို့ ရောက်ရှိကြရာ စာပေဗိမာန်ခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က စာပေဗိမာန်၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဆောင်ပုဒ်၊ အုပ်ချုပ်မှုကောင်စီအဖွဲ့ဖွဲ့စည်းခဲ့ခြင်း၊ စာအုပ်စာစောင်များ ထုတ်ဝေမှုအခြေအနေ၊ စာပေဗိမာန်က ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စာပေဆုများ ချီးမြှင့်ခြင်း၊ စာအုပ်ဈေးပွဲတော်များ ကျင်းပခြင်း၊ စာပေဗိမာန် စာအုပ်အသင်း ဖွဲ့စည်းခြင်း၊ မြန်မာ့စွယ်စုံကျမ်း တွဲသစ်များထုတ်ဝေခြင်း၊ မြန်မာဂန္ထဝင်အတွဲ (၁၀၀)စာစဉ် ထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### စာများများဖတ်စေလို

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ စာပေဗိမာန်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကြီးမားမှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် စာပေမြင့်မှ လူမျိုးတင့်မည် ဖြစ်ပါကြောင်း၊ ထို့အတူ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ စာပေဗိမာန်၏ ဆောင်ပုဒ်ဖြစ်သည့် အမှောင်ခွင်း၍ အလင်းဆောင်အံ့ ဆိုသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်စေလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများကို စာများများ ဖတ်စေလိုပါကြောင်း၊ ပြည်သူများ စာများများဖတ်မှ အတွေးအခေါ် အမြော်အမြင် **စာမျက်နှာ ၁၀ သို့** ❑

❑ စာမျက်နှာ ၉ မှ

အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအတွက်လည်း များစွာအထောက်အပံ့ ဖြစ်လာမည်ဖြစ်ပါကြောင်း။

မြန်မာ့စွယ်စုံကျမ်းပါ အကြောင်းအရာ အချက်အလက်များသည် ယခုတိုင်အထောက်အထားပြု ကိုးကားနေရဆဲဖြစ်ပါကြောင်း၊ ယင်းကျမ်းကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ဖြည့်စွက် ထုတ်ဝေမည်ဆိုသည်ကို ကြိုဆိုပါကြောင်း၊ ကျမ်းပြုစုသူများနှင့် သုတေသနပညာရှင်များအတွက် စာပေဗိမာန်တွင် အထောက်အထားများရှိသည်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုပါကြောင်း၊ စာပေဗိမာန်အသင်းဝင် အရေအတွက်ကို ယခုထက် ပိုမိုတိုးတက်စေလိုပါကြောင်း မှာကြားသည်။

**လက်ဆောင်များ ပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်လက်ဆောင်နှင့် စာအုပ်လက်ဆောင်များကို ပေးအပ်သည်။


ယင်းနောက် နိုင်ငံတော်သမ္မတသည် စာပေဗိမာန်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စာပေဗိမာန်၏ သမိုင်းကြောင်းနှင့် စာပေပညာရှင်ကြီးများ၏ ဓာတ်ပုံများ၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၊ e-Library နှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုသည်။

**စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ**

စာပေဗိမာန်သည် ရွှေသွေးဂျာနယ် (အပတ်စဉ်)၊ သုတပဒေသာစာစောင် (လစဉ်)၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (နှစ်စဉ်) ထုတ်ဝေခြင်းနှင့် စာပေဗိမာန်ဆုရစာမူများကို ပြည်သူ့လက်စွဲစာအုပ်အဖြစ် ထုတ်ဝေခြင်း၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ e-Library များ ဖွင့်လှစ်ခြင်း၊ မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို အသစ်ပြန်လည်ဖြည့်စွက်တည်းဖြတ်ထုတ်ဝေရန် ဆောင်ရွက်ခြင်း၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များထုတ်ဝေခြင်း၊ စာပေပညာရှင်များ၊ စာပေဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ စာပေဗိမာန်စာအုပ်အသင်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်)ရှိ ပင်မစာဖတ်ခန်းတွင် စာဖတ်သူများ စာပေအသိဉာဏ် ရင့်သန်စေရန်အတွက် မြန်မာစာအုပ် ၅၅၀၈၁ အုပ်နှင့် အင်္ဂလိပ်စာအုပ် ၁၂၃၁၇ အုပ် စုစုပေါင်း ၆၇၀၀၀ ကျော်ထားရှိပြီး စာဖတ်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် ရည်ညွှန်းစာဖတ်ခန်းတွင် ကျမ်းပြုပညာရှင်များ၊ သုတေသနကျမ်းပြုသူများ၊ စာပေပညာရှင်များအတွက် အကိုးအကား၊ အထောက်အကူပြုနိုင်ရန် ရည်ညွှန်းမြန်မာစာအုပ် ၆၂၂၈ အုပ်၊ အင်္ဂလိပ်စာအုပ် ၅၄၇၆ အုပ် စုစုပေါင်း ၁၁၀၀၀ ကျော်ထားရှိပြီး မှီငြမ်းကိုးကားသူများအား ဝန်ဆောင်မှုပေးလျက်ရှိကာ e – Library ခန်းတွင် e – Book စာအုပ်အဖြစ် မြန်မာစာအုပ် ၂၅၉၁၈ အုပ်နှင့် အင်္ဂလိပ်စာအုပ် ၈၉၈ အုပ် စုစုပေါင်း ၂၆၀၀၀ ကျော်ရှိပြီး တပ်ဆင်ပေးထားသော ကွန်ပျူတာနက်ဝပ်နည်းပညာ အသုံးပြု၍ စာဖတ်သူများ e – Catalogue ဖြင့် စာအုပ်ရှာဖွေခြင်း၊ စာအုပ်ဖတ်ရှုခြင်းများ ပြုနိုင်ရန်အတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စာပေဗိမာန်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား စာပေဗိမာန်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တောင်သူလယ်သမားရေးရာကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အသိပေးကြေညာချက်

**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က (၁၅-၁၁-၂၀၁၉) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ (၂၁/၂၀၁၉) ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လိုင်စင်လျှောက်ထားရန် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်-

| | | |
|---|---|---|
| နေ့ရက် | - | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်၊ တနင်္လာနေ့ |
| အချိန် | - | နေ့လယ် (၂:၀၀) နာရီ |
| နေရာ | - | ဇမ္ဗူသီရိခန်းမ၊ ရုံးအမှတ်(၅၅)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော် |

၂။ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်လိုသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ သန်းခေါင်စာရင်း၊ ကုမ္ပဏီဖြစ်ပါက MyCO Company Extract တို့နှင့်အတူ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ (လိပ်စာ- အမှတ် ၂၆ (က)၊ စက်မှုလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့) သို့ (၂၈-၁၁-၂၀၁၉) ရက်နေ့နှင့် (၂၉-၁၁-၂၀၁၉) ရက်နေ့များတွင် ရုံးချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ စာရင်းပေးသွင်းထားသူများသာ ရှင်းလင်းပွဲသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ကန်ပက်လက်မြို့နယ်အပါအဝင် ချင်းပြည်နယ်တောင်ပိုင်း တစ်ခုလုံးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခုကို အမြန်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ ၂ ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း၏ **ကန်ပက်လက်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချင်းပြည်နယ်တောင်ပိုင်းတွင် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်များတွင် ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်အတွက် တောင်သူများအတွက် စိုက်ပျိုးရေးစရိတ်ချေးငွေအပါအဝင် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးများ အဆင်ပြေစွာ ပံ့ပိုးထုတ်ချေးပေးနိုင်ရန်အတွက် ချင်းပြည်နယ်တောင်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တစ်ခု ဦးစားပေးဖွင့်လှစ်ပေးနိုင်ရန် အမှန်တကယ်လိုအပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန်ပက်လက်မြို့နယ်အပါအဝင် ချင်းပြည်နယ်တောင်ပိုင်းတစ်ခုလုံးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခုကို အမြန်ဖွင့်လှစ်နိုင်ရန် ဦးစားပေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ရှင်းမဲဆန္ဒနယ်မှ
ဦးအောင်စိုးမင်း



ကန်ပက်လက်မဲဆန္ဒနယ်မှ
ဦးညွှန့်ဝင်း



အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို



လင်းခေးမဲဆန္ဒနယ်မှ
ဦးစိုင်းဘသိန်း

ရှင်းမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ **ရှင်းမြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စုအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှမ်းပြည်နယ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုပြီးဖြစ်သော မီးသတ်စခန်းများအတွက် မြေနေရာရရှိရေး၊ မီးသတ်စခန်းအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရေး၊ မီးသတ်ယာဉ်များ ဖြည့်တင်းနိုင်ရေးတို့ကို ဆောင်ရွက်နေရခြင်း၊ အရေးပေါ်မီးလောင်မှုများဖြစ်ပွားပါက ရှင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် ၃ စီးနှင့် မြို့ကြီးနယ်မြေစခန်းမှ မီးသတ်ယာဉ် ၂ စီး စုစုပေါင်း မီးသတ်ယာဉ် ၅ စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်နိုင်ခြင်း၊ မြင်းကျဒိုးကျေးရွာအုပ်စုသည် နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံမရှိသေးခြင်းတို့ကြောင့် ရှင်းမြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စုတွင် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လင်းခေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့တွင် လိုအပ်ချက်ရှိသည့် ၆ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရန် လျာထားတင်ပြတောင်းခံသွားမည်

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ် ပြည်သူ့ရဲစခန်း၏ လိုအပ်လျက်ရှိသော အဆင့်မီဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးရန် အစီအစဉ်အား မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လင်းခေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့တွင် လိုအပ်ချက်ရှိသည့် ၆ ခန်းတွဲ ၂ ထပ် ၁ လုံး ဆောက်လုပ်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် တစ်ဆက်တစ်စပ်တည်း မေးမြန်းခဲ့သော စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန်နှင့်စပ်လျဉ်း၍ မြေပြင်တွင် ဖြစ်ပေါ်လျက်ရှိသည်ကို အခြေခံပြီး ဆောင်ရွက်ထားမှုကို သိလိုခြင်း** မေးခွန်းနှင့် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံရာတွင် စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက်ကို ကြိုတင်ဆောင်ရွက်ထားပြီး ထိုမှရရှိလာသည့် Feasibility Study Report နှင့်အတူ Design, Drawing,Estimate, B.Q များပါဝင်သည့် စီမံကိန်းအဆိုပြုလွှာဖြင့် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်းကောင်း၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **အင်းစိန်မြို့နယ်တွင် မြို့မရဲစခန်းအပြင် နယ်မြေရဲစခန်းခွဲအသစ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကို လိုအပ်ချက်နှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းရန်နှင့် တပ်ဖွဲ့၏ အခြေခံလိုအပ်ချက်များအပါအဝင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး မည်သို့မည်ပုံ စီမံဆောင်ရွက်ထားရှိကြောင်း သိလိုခြင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီး ဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ရှင်းလင်းတင်ပြရာတွင် အဆိုတင်သွင်းရခြင်း၏ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှု လျော့ချရေးဖြစ်စဉ် လုပ်ငန်းစဉ်များတွင် ပါဝင်အထောက်အကူပြုရေး၊ မုန်တိုင်းများ၊ ရေကြီးမှု၊ မြေပြိုမှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ရေးနှင့် ဒီရေတောသယံဇာတများ ပြန်လည်ဖြစ်ထွန်းရန်၊ မြန်မာနိုင်ငံ သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံ နေရင်းဒေသပြန်လည်တည်ဆောက်ရေးစီမံကိန်းများကဲ့သို့ ဒီရေတောတည်ထောင်စိုက်ပျိုးရေးနှင့် ဒီရေတောထိန်းသိမ်းကာကွယ်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းရေးဆွဲရန်၊ သစ်တောဦးစီးဌာနလက်အောက်ရှိဒီရေတောဌာနစိတ်အား အင်အားဖြည့်တင်း၍ ဒီရေတောတည်ထောင်စိုက်ပျိုးရေးနှင့် ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းကာကွယ်ရေးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရန်တို့ ဖြစ်ပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းရှိ ဒီရေတောများအား ရေတိုအကျိုးကျေးဇူးအတွက် ခုတ်ထွင်ရှင်းလင်း၍ အခြားမြေအသုံးချမှုများအဖြစ် ထုတ်ယူအသုံးပြုခြင်း၊ လယ်မြေတိုးချဲ့ခြင်း၊ ငါးပုစွန်ကန်များတူးဖော်ခြင်း၊ ထင်း၊ မီးသွေးအလွန်အကျွံထုတ်ယူခြင်း၊ သားငါးသယံဇာတ အလွန်အကျွံထုတ်ယူခြင်းများကို ရပ်တန့်၍ အများပြည်သူ ရေရှည်အကျိုးစီးပွားအလို့ငှာ သားငါးပုစွန်ကဏန်းများ ပေါများလာစေရန်၊ မုန်တိုင်းအန္တရာယ်များမှ အကာအကွယ်ပေးစေရန်၊ ရာသီဥတုပြောင်းလဲမှုမှ လျော့ချပေးနိုင်ရန်၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုအား ကုစားပေးနိုင်ရန်တို့အတွက် ပြည်သူ့လွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွှန့်သိန်းက အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သဘောထားရယူသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်သူ



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသဖြင့် သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီ နှစ်ပတ်လည်အစီရင်ခံစာကို ဆွေးနွေး

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းဝင်းက ဖတ်ကြားတင်ပြရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ၃ နှစ်တာသက်တမ်းအတွင်း ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီ၏ သက်တမ်း(၂)နှစ်အတွင်း ဆောင်ရွက်ချက်အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူ၍ ကော်မတီ၏ တတိယနှစ်သက်တမ်းတွင် ကော်မတီလုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် လက်ရှိဖြစ်ပွားမှုများပြားလာသော မကူးစက်တတ်သည့်ရောဂါများ ကာကွယ်နှိမ်နင်းကုသရေးကိစ္စရပ်များကို တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဟောပြောပို့ချမှု (၂)ကြိမ်ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ပါဝင်သော ဘာသာရပ်ဆိုင်ရာပညာရှင်များက လွှတ်တော်ကိုယ်စားလှယ်များအား ဆွေးနွေးတင်ပြခဲ့ကြပါကြောင်း။

ကော်မတီ၏ လာမည့် စတုတ္ထနှစ်သက်တမ်းတွင် ကော်မတီကို စတင်ဖွဲ့စည်းစဉ်က ချမှတ်ခဲ့သော ရည်ရွယ်ချက်များနှင့်အညီလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များနှင့် အခြားသော ကော်မတီတာဝန်များကိုလည်းကောင်း ကော်မတီဝင်များအားလုံးနှင့် ကော်မတီရုံးဝန်ထမ်းများ စည်းလုံးညီညွတ်တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တတိယအကြိမ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအား သိရှိလမ်းညွှန်မှုပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီဝင် ဒေါ်နန်းခင်စောက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ရောဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးထိန်ဝင်း



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးစခင်ဇော်လင်း

## ရန်ကုန်- ပုသိမ်ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား စီမံဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေး

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ရန်ကုန်–ပုသိမ်ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား မည်ကဲ့သို့စီမံဆောင်ရွက်ပြီး မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန် – ပုသိမ်လမ်း (၁၁၃)မိုင်အား ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ Oriental Highway Co.,Ltd သို့ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး B.O.T ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါ လမ်းမကြီးအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ပဏာမအနေဖြင့် ဒေါ်လာသန်း(၁၂၀)အကုန်အကျခံပြီး အဆင့်မြှင့်တင်ဆောင်ရွက်မည့် စီမံကိန်းတစ်ခုကို အဆိုပြုလာခဲ့ပါကြောင်း၊ ADB အနေဖြင့် B.O.T စနစ်ဖြင့် ပုဂ္ဂလိကအကောင်အထည်ဖော်နေသော စီမံကိန်းများတွင် ချေးငွေအား သတ်မှတ်ထားသည့် နှစ်ကာလအတွင်း ပြန်လည်ပေးဆပ်စေပြီး ဒေသနှင့် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်စေသော စီမံကိန်းများကို step in – step out Method အနေဖြင့် ADB နှင့် World Bank တို့မှ ဖိလစ်ပိုင်၊ အဇာဘိုင်ဂျန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ UK၊ ကနေဒါ၊ အိန္ဒိယအစရှိသည့် နိုင်ငံတို့တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည့် စီမံကိန်းများ နမူနာအနေဖြင့် ရှိခဲ့ပြီးဖြစ်ပါကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးကျော်သောင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဝင်းအောင်

အဆိုပါ စီမံကိန်းနမူနာများအတိုင်း ရန်ကုန် – ပုသိမ် လမ်းမကြီးကို step in – step out Method ဖြင့် အဆင့်မြှင့်တင်ပြီး (၂၄)နှစ်အတွင်း ကောက်ခံရရှိသည့် ငွေများကို ADB ချေးငွေသို့ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ ချေးငွေပေးဆပ်ပြီးချိန်မှ Concession Period နောက်ဆုံးကျန်သည့် ကိုးနှစ်ကို ကုမ္ပဏီအနေဖြင့် ရရှိမည်ဖြစ်ပြီး step in – step out program တစ်ခုအနေဖြင့် ADB မှ တင်ပြလာသည့် ယင်းအဆိုပြုစီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းအား စတင်ဆောင်ရွက်ရန် ADB ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်းဆောင်ရွက်သည့် Oriental Highway Co.,Ltd တို့အကြား Temporary Transfer Agreement (TTA) စာချုပ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း။

အဆိုပါ စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းတွင် TTA စာချုပ်အရ လမ်းတစ်လမ်းလုံးကို ADB ၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ADB ၏ အစီအစဉ်အရ Consultant ရွေးချယ်ခြင်း၊ Feasibility Study ကို Detail ဆောင်ရွက်ခြင်းနှင့် Enviromental၊ Resettlement စသည်တို့နှင့်ပတ်သက်သည့် ဖြေရှင်းရမည့်ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Consultant က သတ်မှတ်ပေးသည့် ပုံစံအတိုင်း Contractor တင်ဒါခေါ်ယူ ရွေးချယ်ရမည်ဖြစ်ပြီး အဆိုပါအဆင့်များ ဆောင်ရွက်ရန် နှစ်နှစ်မှ သုံးနှစ်ခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အချိန်အတွင်း ရန်ကုန် – ပုသိမ် လမ်းမကြီးသည် ယာဉ်အစီးရေတိုးတက်များပြားလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်ရှိသည့် မိုင်တိုင်အမှတ် (၅/၄) မှ (၁၇/၄)အထိ ၁၂ မိုင်ကို မူလ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ခဲ့သော Oriental Highway Co.,Ltd ကို တိုက်ရိုက်တာဝန်ပေးအပ်ပြီး ၄၆ ပေနှင့် ၃၆ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုအချိန်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အဆိုပါ အခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပိုင်းအဆုံး မိုင်တိုင်အမှတ် (၁၇/၄)မှ ဗိုလ်မြတ်ထွန်းတံတား မိုင်တိုင်အမှတ် (၄၁/၄)အထိ စုစုပေါင်း ၂၄ မိုင်ကို အကျယ် ပေ ၃၀ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံခဲ့ရာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည့်အတွက် လမ်းအထူးအဖွဲ့ သုံးဖွဲ့၊ ခရိုင်အဖွဲ့နှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ငါးဖွဲ့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးအပိုင်း ၁၂ မိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ဗိုလ်မြတ်ထွန်းတံတားအထိ ၂၄ မိုင် လုပ်ငန်းများအားလုံးကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်အထိ စုစုပေါင်း (၇၀) မိုင် (၁)ဖာလုံ ကျန်ရှိနေပါကြောင်း၊ အဆိုပါ လမ်းပိုင်းကို ADB အနေဖြင့် ယာဉ်သွားလမ်းအကျယ် (၃ ဒသမ ၅)မီတာ နှစ်လမ်းနှင့် တစ်ဖက်ကို (၂ ဒသမ ၅) မီတာ Paved Shoulder နှစ်လမ်း စုစုပေါင်းလေးလမ်းသွားအဖြစ် ဗိုလ်မြတ်ထွန်းနှင့် ပုသိမ်ကြားတွင် အပြည့်အဝဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းကို နှစ်နှစ်ကျော်ကာလဖြင့် ပြီးစီးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ရန်ကုန် – ပုသိမ် လမ်းမကြီးကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းသို့ဆောင်ရွက်နေသည့်အချိန်တွင် ခရီးသွားပြည်သူများအနေဖြင့် အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ခေတ္တသည်းခံခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ဖြေကြားသည်။

## အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုနိုင်မီအချိန်တွင် ပျက်စီးမှုများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ စစ်ကိုင်းမြို့နယ်အတွင်းရှိ **စစ်ကိုင်း – ဝက်လက် – ရွှေဘို ခရိုင်ချင်းဆက်လမ်းအား တိုးချဲ့၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ ခရိုင်ချင်းဆက်လမ်းမကြီးသည် နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာမည့် ရွှေလီ – မူဆယ် – ထီးချိုင့် – စစ်ကိုင်း – မန္တလေး– နေပြည်တော် – ကျောက်ဖြူလမ်းမကြီး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းမကြီးကို Express Way အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပိုင်းကို နိုင်ငံတကာအဆင့်မီ အဝေးပြေးလမ်းမကြီးဖြစ်လာမည့် Early Hervest Project လေးခုတွင်လည်း ထည့်သွင်းထားပြီးဖြစ်ပါကြောင်း၊ လတ်တလောတွင် ခရိုင်ချင်းဆက်လမ်းအား တိုးချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုနိုင်မီအချိန်တွင် ပျက်စီးမှုများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်နှင့် တန့်ဆည်မြို့နယ်အတွင်း ဖြတ်သန်းသွားသော မုံရွာ – ရေဦး – ကလေးဝ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပျက်စီးနေသော လမ်းပိုင်းများအား ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းတာချဲ့ခြင်း ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ရေဦးမြို့နယ်နှင့် တန့်ဆည်မြို့နယ်အကြား ပျက်စီးနေသော မိုင်တိုင်အမှတ် (၃/၄)မှ (၁၀/၇)အထိ (၇)မိုင် (၃)ဖာလုံ၊ တန့်ဆည်မြို့နှင့် ကံထူးမရွာအကြား ပျက်စီးနေသော မိုင်တိုင်အမှတ် (၁၄/၀)မှ (၁၆/၀)အတွင်း နှစ်မိုင်နှင့် ကျန်ရှိအပိုင်းများအား ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများအဖြစ် လုပ်ငန်းများဆောင်ရွက်ရန် လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြင်ရွာကျေးရွာနှင့် ဓနုဖြူမြို့နယ် နဲ့ကြိုးကျေးရွာတို့ကို ဆက်သွယ်ထားသည့် ပေ ၄၃၀ အရှည် ကျေးရွာချင်းဆက် ချောင်းကူးဝါးတံတားအား ခိုင်မာသည့်တံတားတစ်စင်းအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ကျေးရွာချင်းဆက် ချောင်းကူးတံတားကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေများတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်သို့ ဆက်သွယ်ပေးမည့် မြစ်ကူးကြိုးတံတားတစ်စင်းအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်သို့ ဆက်သွယ်မည့် လူကူးကြိုးတံတား တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ယင်းကော်မတီအစည်းအဝေးတွင် တံတားတည်ဆောက်လိုသည့် စီမံကိန်းနေရာကို ဆုံးဖြတ်ချက်တစ်ရပ်အတည်ပြု၍ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

## နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ပို့စကတ်ပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်ပြိုင်ပွဲအား **"နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ"** ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ပို့စကတ်ပြိုင်ပွဲသို့ ပညာရှင် ၂၃ ဦးက ပြိုင်ပွဲဝင်ပို့စကတ်ပေါင်း ၂၂၄ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး **ပထမဆု** မောင်ဖြိုးမောင်မောင်(ရွှေဘို)၊ **ဒုတိယဆု** ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ **တတိယဆု** နိုင်ထူးအောင်တို့က ရရှိခဲ့ကြသည်။

**အထူးဆုများအဖြစ်** အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ နိုင်ထူးအောင်၊ ငွေဝင်း(ရမ္မဝတီ)၊ ကိုအောင်ကျော်မိုးနှင့် ရဲသူရအောင်(IPRD)တို့က အသီးသီး ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားဒေ့ရှ်က စားသောက်ဆိုင်အကြမ်းဖက်တိုက်ခိုက်မှုဖြင့် စစ်သွေးကြွခုနစ်ဦးအား သေဒဏ်ချမှတ်



**ဒါကာ နိုဝင်ဘာ ၂၇**

၂၀၁၆ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမြို့ရှိ အသေးစားစားသောက်ဆိုင်အား အကြမ်းဖက်တိုက်ခိုက်မှု၌ ပါဝင်ပတ်သက်သည့် စစ်သွေးကြွအဖွဲ့ဝင် ခုနစ်ဦးကို ဘင်္ဂလားဒေ့ရှ်တရားရုံးတော်က ယနေ့ သေဒဏ်ချမှတ်လိုက်သည်။

ဘင်္ဂလားဒေ့ရှ်အကြမ်းဖက်ဆန့်ကျင်ရေး အထူးခုံရုံးမှ တရားသူကြီး မိုဂျီဘူရာမန်က အဆိုပါတရားခံများ၏ ရှေ့မှောက်တွင် ယင်းစီရင်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်သည်။ သို့သော် တရားရုံးတော်သည် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ပြစ်မှုမထင်ရှားသူတစ်ဦးကိုမူ အပြစ်မရှိကြောင်း စီရင်ခဲ့သည်။

ဒါကာမြို့ရှိ သံတမန်နယ်မြေတွင်တည်ရှိသော အဆိုပါ စားသောက်ဆိုင်ကို သေနတ်သမားငါးဦးက ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းစားသောက်ဆိုင်ရှိ လူပေါင်းများစွာကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် အီတလီနိုင်ငံသား ကိုးဦး၊ ဂျပန်နိုင်ငံသား ခုနစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး၊ အိန္ဒိယနိုင်ငံသား တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နွယ်ဖွား အမေရိကန်နိုင်ငံသား တစ်ဦးတို့ အပါအဝင် လူ ၂၀ ကျော် သေဆုံးခဲ့သည်။

သေနတ်သမားများသည် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုမတိုင်မီ ဘင်္ဂလားဒေ့ရှ်ရဲအရာရှိ နှစ်ဦးကိုလည်း သတ်ဖြတ်ခဲ့သည်။ သို့သော် စားသောက်ဆိုင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ၁၂ နာရီခန့် အကြာတွင် ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့က အဆိုပါ စားသောက်ဆိုင်အား ဝင်ရောက်စီးနင်းခဲ့ပြီး သေနတ်သမား ငါးဦးစလုံးကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရတ်နှင့် လီဗန့်ဒေသဆိုင်ရာ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုက ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု တစ်ချိန်တည်း ကြေညာခဲ့သည်။ လီဗန့်ဒေသဆိုသည်မှာ ဆီးရီးယား၊ လက်ဘနွန်၊ ဂျော်ဒန်၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့ပါဝင်သော ဒေသကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အစ္စလာမ္မစ်စစ်သွေးကြွများ၏ ပြောဆိုချက်ကို ပယ်ချလိုက်ပြီး ပိတ်ပင်တားမြစ်ခံရသော ဒေသခံစစ်သွေးကြွအုပ်စု၏ လျှို့ဝှက်ကြံစည်သော တိုက်ခိုက်မှုပင်ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျော်တီ**

# နယူးယောက်မြို့တော်၌ အီး–စီးကရက်များ ရောင်းချမှု ပိတ်ပင်လိုက်ပြီ

**နယူးယောက်စီးတီး နိုဝင်ဘာ ၂၇**

နယူးယောက်မြို့တော်အတွင်း အီလက်ထရွန်နစ်စီးကရက်များ ရောင်းချမှု ပိတ်ပင်သည့်ဥပဒေကို လွှတ်တော်အမတ်များက အတည်ပြုလိုက်ပြီဖြစ်သည်။ နယူးယောက်မြို့တော်ကောင်စီက ဥပဒေကြမ်းကို ယမန်နေ့က အတည်ပြုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအမျိုးမျိုး ဖြစ်ပွားစေနိုင်သည့် အီး–စီးကရက် သောက်သုံးသူများ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ယခုနှစ်အတွင်း အီး–စီးကရက်နှင့်ပတ်သက်သည့် ဖျားနာမှုကြောင့် လူပေါင်း ၂၃၀၀ ခန့်ကို ဆေးရုံတင်ခဲ့ရပြီး ၄၇ ဦး သေဆုံးခဲ့သည်။ ဖျားနာရသည့် အကြောင်းရင်းကို မဖော်ထုတ်နိုင်ခဲ့ပေ။ အီး–စီးကရက်မှာ အမေရိကန်နိုင်ငံရှိ လူငယ်များကြား အထူးရေပန်းစားသည်။ ဘက်ထရီအားသုံး အီး–စီးကရက်မှာ နီကိုတင်းနှင့် ရနံ့မွှေးသောပစ္စည်းများပါဝင်သည့် အရည်များကို အငွေ့ပျံစေကာ အသုံးပြုရသည်။

အီး–စီးကရက်ရောင်းချမှု ပိတ်ပင်ခြင်းမှာ ကျန်းမာရေးအန္တရာယ်များ လျှော့ချရန်နှင့် အသီးနှင့်အနံ့ပါရှိသော ကုန်ပစ္စည်းများကို အသက်မပြည့်သေးသူများ အသုံးပြုမှုရပ်တန့်ရန် ရည်ရွယ်ကြောင်း ဥပဒေပြုအမတ်များက ပြောသည်။ အမေရိကန်နိုင်ငံရှိ ပြည်နယ်အချို့က အနံ့ထည့်ထားသော အီး–စီးကရက်များရောင်းချမှုကို ယာယီပိတ်ပင်ခဲ့သည်။ အီး–စီးကရက် ရောင်းချသည့်ကုမ္ပဏီများ၏ တိုင်ကြားမှုများကြောင့် ပိတ်ပင်မှုအချို့ကို ဖယ်ရှားခဲ့သည်။ ကျန်းမာရေးအန္တရာယ်များနှင့်ပတ်သက်၍ ဖောက်သည်များကို သတိမပေးခဲ့သည့်အပြင် ထုတ်ကုန်များကို အသက်မပြည့်သူများထံ ရောင်းချခဲ့သည်ဟုဆိုကာ ကယ်လီဖိုးနီးယားနှင့် အခြားပြည်နယ်များက အီး–စီးကရက် ထုတ်လုပ်သည့် ကုမ္ပဏီများကို တရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်။

အီး–စီးကရက်ထုတ်လုပ်သည့် ကုမ္ပဏီများကို ပြစ်ဒဏ်များပေးရန်နှင့် ကုန်ပစ္စည်းကြော်ငြာမှုရပ်တန့်ရန် တရားလိုများက တောင်းဆိုနေကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**



# ကာတိုဆက်–၁၃ ဂြိုဟ်တုနှင့် နာနိုဂြိုဟ်တု ၁၃ လုံး အိန္ဒိယ အောင်မြင်စွာ လွှတ်တင်

**နယူးဒေလီ နိုဝင်ဘာ ၂၇**

အိန္ဒိယအာကာသသုတေသနအဖွဲ့(ISRO)သည် ကာတိုဆက်–၁၃ ဂြိုဟ်တုနှင့် စီးပွားရေးလုပ်ငန်းသုံး နာနိုဂြိုဟ်တု ၁၃ လုံးကို PSLV–C47 ဂြိုဟ်တုလွှတ်တင်ယာဉ်ဖြင့် နေပတ်လမ်းအတွင်းသို့ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းဂြိုဟ်တုများကို အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ် ရှရီဟာရီကိုတာကျွန်းရှိ ဆာတစ်ရှ်ဒါဝမ် အာကာသဌာန(SDSC)မှ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၈ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

PSLV–C47 ဂြိုဟ်တုလွှတ်တင်ယာဉ်သည် ကာတိုဆက်–၁၃ အာကာသယာဉ်ကို ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ပို့လွှတ်နိုင်ခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးလုပ်ငန်းသုံး ဂြိုဟ်တု ၁၃ လုံးကိုလည်း သတ်မှတ်ထားသည့်ပတ်လမ်းများအတွင်းသို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း ISRO က ဂြိုဟ်တုလွှတ်တင်ပြီးချိန်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယခုဂြိုဟ်တုလွှတ်တင်မှုသည် ရှရီဟာရီကိုတာကျွန်းရှိ ဆာတစ်ရှ်ဒါဝမ် အာကာသဌာန(SDSC)မှ (၇၄)ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း၊ ကာတိုဆက်–၁၃ ဂြိုဟ်တုသည် အရည်အသွေးမြင့် ပုံရိပ်ဖမ်းယူနိုင်သည့် စွမ်းရည်ရှိသည့် သွက်လက်ပေါ့ပါးသည့် တတိယမျိုးဆက် အဆင့်မြင့်ဂြိုဟ်တုဖြစ်ကြောင်း ISRO က ပြောကြားသည်။

အိန္ဒိယအာကာသသုတေသနအဖွဲ့(ISRO)၏ဥက္ကဋ္ဌ ခိုင်လာဆာဗာဒီဗိုဆီဗန်က ထိပ်တန်းသိပ္ပံပညာရှင်များနှင့်အတူ ဂြိုဟ်တုလွှတ်တင်မှုကို စောင့်ကြည့်ကြီးကြပ်ခဲ့သည်။ ဂြိုဟ်တုလွှတ်တင်ပြီးနောက် ဥက္ကဋ္ဌ ဆီဗန်က မိန့်ခွန်းပြောကြားရာ၌ ဂြိုဟ်တုလွှတ်တင်ရာတွင် ပါဝင်ခဲ့သည့် သိပ္ပံပညာရှင်များကို ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။ ယင်းဂြိုဟ်တုလွှတ်တင်မှုကို ဆာတစ်ရှ်ဒါဝမ် အာကာသဌာန(SDSC)က ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ဇော်လင်း**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ တည်ဆောက်ဆဲ ဥမင်လိုဏ်ခေါင်းပြိုကျ လေးဦး သေ၊ ရှစ်ဦး ပိတ်မိနေ

**ကူမင်း နိုဝင်ဘာ ၂၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ တည်ဆောက်ဆဲ အဝေးပြေး ဥမင်လိုဏ်ခေါင်းတစ်ခု ပြိုကျခဲ့ရာ လူလေးဦး သေဆုံးခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ ရှစ်ဦး ပိတ်မိနေဆဲဖြစ်ကြောင်း ဒေသန္တရ အာဏာပိုင်များက ပြောကြားသည်။



လင်ကန်မြို့တော်ရှိ အဆိုပါ အဝေးပြေး ဥမင်လိုဏ်ခေါင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ ယမန်နေ့ ညနေ ၆ နာရီခန့်က ရေနှင့် ရွှံ့ညွန်များ ကျိုးပေါက်ခဲ့သည်။ နောက်ပိုင်းတွင် လူငါးဦးကို ကယ်တင်ခဲ့သော်လည်း ၎င်းတို့အနက် လေးဦး သေဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။ အခြားအလုပ်သမား တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အခြေအနေကောင်းမွန်ကြောင်း သိရသည်။ ဘူမိဗေဒဆိုင်ရာ အခြေအနေများနှင့် ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်း မြေပြင်ရှိ ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

ပိတ်မိနေသူများကို ရှာဖွေရန် အသက်ကယ်ကိရိယာများနှင့် အနံ့ခံခွေးများ အသုံးပြုခဲ့ပြီး အခင်းဖြစ်ရာနေရာ၌ ဆေးဘက်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့လည်း အသင့်အနေအထားရှိနေသည်။ အဝေးပြေး ဥမင်လိုဏ်ခေါင်း ပြိုကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ဗြိတိန်နိုင်ငံရှိ ကုန်တင်ကားပေါ်တွေ့ရသည့် ရုပ်အလောင်းများကို ဗီယက်နမ်သို့ ပြန်ပို့

**ဟန္နိုင်း နိုဝင်ဘာ ၂၇**

ပြီးခဲ့သည့်လက ဗြိတိန်နိုင်ငံရှိ အအေးခန်းပါသည့် ကုန်တင်ကားပေါ်မှ တွေ့ရသည့် ဗီယက်နမ်လူမျိုး ရုပ်အလောင်း ၃၉ လောင်းအနက်မှ ၁၆ လောင်းကို ဗီယက်နမ်နိုင်ငံသို့ ပြန်ပို့ခဲ့သည်။ ဗြိတိန်နိုင်ငံအတွင်းသို့ မှောင်ခိုပို့ဆောင်ခြင်း ခံရသည့် အမျိုးသား၊ အမျိုးသမီး ၃၉ ဦးကို အောက်တိုဘာ ၂၃ ရက်တွင် ကုန်တင်ကားအတွင်း၌ သေဆုံးလျက် တွေ့ရှိခဲ့ရသည်။

ယင်းရုပ်အလောင်းများကို နောက်ပိုင်းတွင် အသက် ၁၅ နှစ်မှ ၄၄ နှစ်အထိ ပါဝင်သည့် ဗီယက်နမ်လူမျိုးများအဖြစ် အတည်ပြုနိုင်ခဲ့ကြသည်။ ဗြိတိန်နှင့် ဗီယက်နမ်အစိုးရတို့က ယင်းရုပ်အလောင်းများကို ဗီယက်နမ်သို့ မည်သို့ပို့ဆောင်မည်ကို ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ပြည်နယ်သုံးခုမှ ရုပ်အလောင်း ၁၆ လောင်းသည် ဗုဒ္ဓဟူးနေ့တွင် မြို့တော်ဟန္နိုင်းရှိ လေဆိပ်သို့ ရောက်ရှိလာသည်။ ယင်းရုပ်အလောင်းများကို ၎င်းတို့၏ ဇာတိပြည်နယ်များသို့ သွားမည့်မော်တော်ယာဉ်များပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ခဲ့ကြသည်။ သေဆုံးသူများ၏ အဖြစ်ကို ဗီယက်နမ်နိုင်ငံတွင် လူအများအပြားက ကရုဏာသက်ကြသည်။

ဗီယက်နမ်အစိုးရသည် နိုင်ငံရပ်ခြားတွင် ဝင်ငွေကောင်းသည့်အလုပ်ကို ရှာဖွေလိုသည့် ဗီယက်နမ်လူမျိုးများကို အမြတ်ထုတ်သည့် လူကုန်ကူးပွဲစားများကို တားဆီးရန်အတွက် တင်းကျပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ဇော်လင်း**

# တန့်ယန်းမြို့၌ လူသတ်အလောင်းဖျောက်ပြီး ခြိမ်းခြောက်ငွေတောင်းခံသူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တန့်ယန်းမြို့၌ လူသတ်အလောင်းဖျောက်ပြီး ခြိမ်းခြောက်ငွေတောင်းခံသူများအား ဖော်ထုတ်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဈေးကွက်(၁) ရပ်ကွက်နေ ဒေါ်အောင်ဌေးညွန့်သည် နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲက ခင်ပွန်းဖြစ်သူ ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်းနှင့်အတူ နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူနှင့် လွန်ခဲ့သောတစ်လခန့်က ခင်မင်ရင်းနှီးခဲ့သည့် ဥူးဝိသုဒ္ဓလင်္ကာရ(ခ) ခေမာသီရိ(ခ) ဖိုးခွားက ဖုန်းဖြင့်ဆက်သွယ်၍ တရုတ်ပြည်နယ်စပ်သို့ အလည်သွားမည်ဟု ခေါ်သဖြင့် ခင်ပွန်းဖြစ်သူသည် ညနေ ၄ နာရီခွဲခန့်တွင် ဦးဟန်သိန်းနှင့်အတူ မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားခဲ့ကြောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ဥူးဝိသုဒ္ဓလင်္ကာရ(ခ)ခေမာသီရိ(ခ)ဖိုးခွားက ဖုန်းဖြင့်ဆက်သွယ်၍ ငွေကျပ်သိန်း ၃၅၀ ပို့ပေးရန်နှင့် မပို့ပေးပါက ခင်ပွန်းဖြစ်သူအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ငွေတောင်းသဖြင့် အရေးယူပေးရန် ဒေါ်အောင်ဌေးညွန့်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဥူးဝိသုဒ္ဓလင်္ကာရ(ခ)ခေမာသီရိ(ခ)ဖိုးခွားအား တန့်ယန်းမြို့မ ရဲစခန်းက (ပ) ဖ၈/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၈၇ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အမှုစစ်အဖွဲ့သည် ပြစ်မှုကျူးလွန်သူ ဥူးဝိသုဒ္ဓလင်္ကာရ(ခ)ခေမာသီရိ(ခ) ဖိုးခွားအား လိုက်လံဖမ်းဆီးရာ နိုဝင်ဘာ ၂၂ ရက်တွင် ဟိုပန်မြို့ တောင်တန်းသာသနာပြုကျောင်းတိုက်၌ ဖမ်းဆီးရမိခဲ့ပြီး စစ်မေးရာ ၎င်းသည် ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်း၊ ဦးဟန်သိန်းတို့နှင့်အတူ ပန်ဆန်း/ မိုင်းမြို့ရှိ မိတ်ဆွေများထံ သွားရောက်ရန် နိုဝင်ဘာ ၁၉ ရက်တွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာခဲ့ပြီး တန့်ယန်းမြို့ရှိ ဟိုတယ်တစ်ခု၌ တည်းခိုစဉ် ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်းမှာ ကိုက်ခဲနေကြောင်း ပြောသဖြင့် ၎င်းကိုယ်တိုင် ဆေးထိုးပေးရာ ခဏအကြာတွင် ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်းသည် ကြမ်းပြင်တွင်မှောက်လျက် ပါးစပ်မှအမြှုပ်နှင့် သွေးစများထွက်နေပြီး သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဦးဟန်သိန်း အကူအညီဖြင့် ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်းကို ကားနောက်ခန်းတွင်ထည့်၍ ပန်ဆန်းမြို့သို့ ထွက်လာခဲ့ကြောင်း၊ နိုဝင်ဘာ ၂၀ ရက် နံနက်တွင် မက်မန်းဆိုင်သို့ မရောက်မီ ရေအားလျှပ်စစ်တံတားအလွန် သုံးမိုင်ခန့်အကွာ တောင်ပတ်လမ်းဘေး၌



ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်း၏ အလောင်းကိုပစ်ထားပြီးနောက် လာရာလမ်းအတိုင်း တန့်ယန်းမြို့ဘက်သို့ ပြန်လည်မောင်းနှင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခန့်တွင် လားရှိုးမြို့သို့ရောက်ရှိပြီး ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်း၏ ဇနီးဖြစ်သူ မအောင်ဌေးညွန့်ထံသို့ ဖုန်းဖြင့်ဆက်သွယ်ကာ ၎င်းတို့သည် အဖွဲ့အစည်းတစ်ခုမှ မိသားစုအား ကားတိုက်မိ၍ဖမ်းဆီးခံထားရသဖြင့် ငွေကျပ်သိန်း ၃၅၀ ပေးရမည် ဖြစ်ကြောင်းနှင့် ငွေမပို့ပါက အဖွဲ့အစည်းမှ ဦးခိုင်ဇော်ဝင်း(ခ)ဦးနေရှိုင်းအား သတ်ပစ်မည်ဟု ပြောဆိုခြောက်လှန့်ငွေတောင်းခံခဲ့ကြောင်း သိရသည်။

အမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦးလမ်းနေ ဦးဟန်သိန်းအား နိုဝင်ဘာ ၂၅ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ဥူးဝိသုဒ္ဓလင်္ကာရ(ခ)ခေမာသီရိ(ခ)ဖိုးခွားနှင့် ဟန်သိန်းတို့အား ရာဇသတ်ကြီးပုဒ်မ ၃၈၇ မှ ၃၀၂/ ၃၈၇/၂၀၁/၁၁၄ သို့ အမှုပြောင်းလဲရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်ရှိ ဖော့စက်ရုံ မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် လှသီဂီလမ်းတွင် နိုဝင်ဘာ ၂၇ ရက် ည ၈ နာရီ ၅၃ မိနစ်တွင် ဖော့စက်ရုံ၌ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်များနှင့် Level-3 အုပ်စုယာဉ်များ ငြိမ်းသတ်ခဲ့ပြီး မီးလောင်ရခြင်းအကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သစ္စာ**

## ရေနံချောင်း-မကွေးကားလမ်းတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက်ခံရ

**ရေနံချောင်း နိုဝင်ဘာ ၂၇**

ရေနံချောင်း-မကွေးကားလမ်း မိုင်တိုင်အမှတ်(၃၄၉/၁)အနီး ရေနံချောင်းမြို့နယ် အုတ်လှကျေးရွာလမ်းခွဲတွင် နိုဝင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်က အမျိုးသမီး တစ်ဦး ဆိုင်ကယ်၊ ရွှေထည်ပစ္စည်းနှင့် လက်ကိုင်ဖုန်းတစ်လုံး လုယက်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ မသက်သက်ခိုင်သည် နိုဝင်ဘာ ၂၆ ရက်က မကွေးမြို့မှ ဆိုင်ကယ်ဖြင့် ပြန်လာရာ ရေနံချောင်းမြို့နယ် အုတ်လှကျေးရွာလမ်းခွဲရှိ ဇရပ်၌နားနေစဉ် အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့်ရောက်လာပြီး မသက်သက်ခိုင်အား အရိုးအသွားခြောက်လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထောက်ကာ ကားလမ်းအရှေ့ဘက် ကိုက် ၂၀ အကွာ လျှိုဘက်သို့ ဆွဲခေါ်သွားခဲ့သည်။

လျှိုဘက်သို့အရောက်တွင် မသက်သက်ခိုင်အား ဓားဖြင့်ထောက်ကာ ဦးခေါင်းကို မြေကြီးနှင့်ဆောင့်ခြင်း၊ လက်သီးနှင့်ထိုးခြင်းပြုလုပ်ပြီး လည်ပင်း၌စွပ်ကာ ၎င်းဝတ်ဆင်ထားသော တစ်ကျပ်သားခန့် ရွှေဆွဲကြိုးတစ်ကုံး၊ တစ်ပဲသားခန့် ရွှေနားကပ်တစ်ဖက်၊ နှစ်ပဲသားခန့် ရွှေလက်စွပ် သုံးကွင်း၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လုယူပြီး ဆိုင်ကယ်မောင်းနှင် ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေဆူး**

## ကောလင်းမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်၊ အမျိုးသမီးတစ်ဦး သေဆုံး

**ကောလင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ကုန်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား သွားကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က ကောလင်းမြို့နယ် ခန်သာနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ် ဝိုင်းချစ်ဦး အဖွဲ့သည် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်း ညောင်ကုန်းကျေးရွာအနီးတွင် မန္တဲ့နွဲ့အေး မောင်းနှင်ပြီး နောက်မှ ကိုယ်ဝန်ဆောင်မိခင် မအေးအေးသူလိုက်ပါလာသော ဆိုင်ကယ်နှင့် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာနေ မဝင်းမာဦး မောင်းနှင်လာသော ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်ပေါ်ပါ ကောလင်းမြို့နယ် မရိတ်ကျေးရွာနေ မအေးအေးသူမှာ ရရှိသော ဒဏ်ရာဖြင့် ရွှေဘိုဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကောလင်းမြို့နယ် မရိတ်ကျေးရွာနေ မန္တဲ့နွဲ့အေးနှင့် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာနေ မဝင်းမာဦးတို့အား ခန်သာနယ်မြေရဲကင်းစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**



# မှန်းဆဝေသီ အိုင်အာဆရာကန်တော့ပွဲဆီသို့

**သိန်းထွန်း ( IR )**

### တစ်ချိန်တုန်းဆီက

အညာဒေသ၏ဆောင်းသည် အေးမြမြ၊ ကြည်လင်အေးမြလှသည့်ရာသီတွင် နံနက်စောစော တစ်ကိုယ်တည်း လမ်းလျှောက်ရသည်မှာ ကိုယ်စိတ်ရွှင်လန်းရသလို စိတ်ကူးတို့သည်လည်း လွတ်လပ်စွာ စီးမျောနိုင်၏။ ဆောင်းရာသီ လတ်ဆတ်သည့်လေအေးတို့သည် နှလုံးသားကို လန်းဆန်းစေသည်။ မန်းတက္ကသိုလ်၏ နံနက်စောစောသည် ဆိတ်ငြိမ်အေးဆေးစွာ။ လမ်းလျှောက်ရင်း တိုင်လုံးကြီးများဖြင့် ခံ့ညားလှသည့် မန်းတက္ကသိုလ် ပင်မအဆောက်အဦကြီးကို ဣန္ဒြေသိက္ခာကြီးမားစွာ မြင်ရသည့်အခါ လွမ်းမိသည်။ တစ်ချိန်တစ်ခါက အတိတ်ကို လွမ်းမိပါ၏။ လွမ်းမောဖွယ် အတိတ်တို့သည် စိတ်ရေယဉ်ကြော လူးလွန့်လာသည်။ ပြောင်းလဲခြင်းသဘာဝတရားများတွင်မှ မပြောင်းလဲနိုင်သည့် သဘာဝလွန်အရာတစ်ခုဟု မှတ်ထင်စရာ။ တက္ကသိုလ်ကြီးကတော့ မပြောင်းမလဲ။ ပြောင်းလဲနေသည်မှာ မိမိတို့သာ ဖြစ်ပါ၏။

တစ်ခါတုန်းက တက္ကသိုလ်ဆိုပေမယ့် ရင်ထဲမှာတော့ တစ်ဘဝလုံးအတွက် တက္ကသိုလ်ဖြစ်နေသည်မှာ ကိုယ်တိုင်သာ အသိဆုံး။ ဤကျောင်းတော်၊ ဤဌာန၊ ဤဆရာများ၏ မေတ္တာ၊ စေတနာတို့မှာ အနန္တ။ ဆရာကို ပါဠိလိုအားဖြင့် "အာစရိယ" ဟု ခေါ်ဆိုပြီး "သိဿာနံ ဟိတံ အာစရတီတီ အာစရိယော" ဟု ဝိဂြိုဟ်ထားကာ အဓိပ္ပာယ်မှာ "ဆရာဆိုသည် တပည့်တို့၏ အကျိုးစီးပွားကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးသူ" ဟု မှတ်သားဖူးပါသည်။ ထိုထိုသော ဆရာတို့၏ အနန္တမေတ္တာတို့အတွက် ဒီဇင်ဘာလတွင်ကျင်းပသည့် အိုင်အာဌာန ဆရာကန်တော့ပွဲသို့ တစ်နှစ်မှတစ်ခေါက် ယနေ့ ဤကျောင်းတော်ကြီးထံ ပြန်ရောက်လာကြရပြန်ပေပြီ။ အမိရင်ခွင် ရောက်ပြန်တော့လည်း ပီတိကလေးငယ်များပမာ စိတ်ရောကိုယ်ပါ နုပျိုသကဲ့သို့ ခံစားရသည်။ ပျော်ရွှင်ရသည်။ ကြည်နူးကြရပါ၏။

အတိတ်တို့သည် ပစ္စုပ္ပန်သို့ ပြည်လည်ရောက်ရှိလာသကဲ့သို့ အရာရာသည် အချိန်ကာလယန္တရား၏ ဘောင်ကို ကျော်လွန်လာသည်။ လွန်ခဲ့သော ဆယ်စုနှစ်များဆီက တစ်နှစ်ဖြစ်သည့် ၁၉၈၄ ခုနှစ်ဆီက။ ယခုလို မြူနှင်းလွှလွှ အေးမြမြဆောင်းရာသီ ဒီဇင်ဘာလတွင်။

### အိုင်အာဌာနအစ

မန်းရတနာပုံမှ မန္တလာတက္ကသိုလ် ဤကျောင်းတော်ကြီးတွင် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာအုပ်ချုပ်ရေးဘာသာရပ်ကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။ နောက်ပိုင်း နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဟု အမည်ပြောင်းလဲခဲ့၏။ ယခုဆိုလျှင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ် ဖွင့်လှစ်သင်ကြားပေးနေသည်မှာ နှစ်ပေါင်း ၃၅ နှစ် ရှိလေပြီ။

စတင်ဖွင့်ချိန်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားဦးရေ ၁၀၀ နှင့် မန္တလေးတက္ကသိုလ်တွင် ကျောင်းသားဦးရေ ၁၀၀ လက်ခံဖွင့်လှစ်ခဲ့သည်။ ထိုအချိန်က အိုင်အာကျောင်းသားများ ဝင်ခွင့်လက်ခံရာတွင် တက္ကသိုလ်ဝင်ခွင့်အမှတ်သာမက လူတွေ့စစ်ဆေးခံရသည်။ စိတ်ပညာဖြေဆိုရသည်။ ယခုအခါ မြန်မာပြည်အနှံ့ရှိ တက္ကသိုလ် ခုနစ်ခုတွင် အိုင်အာဘာသာရပ် ဖွင့်လှစ်သင်ကြားပေးနေပြီ။ အိုင်အာဘာသာရပ်ကို မြန်မာနိုင်ငံတွင် ယခင်က နှစ်ကြိမ်ဖွင့်လှစ်ခဲ့ဖူးကြောင်း ဆရာကြီး ဦးမောင်မောင်လေး၏ အိုင်အာနှင့်မြန်မာ့တက္ကသိုလ်ပညာဆောင်းပါးအား ဖတ်ရှုမှတ်သား သိရှိရပါသည်။

၁၉၅၅ ခုနှစ်တွင်တစ်ကြိမ်နှင့် ၁၉၅၉ ခုနှစ်တွင် တစ်ကြိမ် ဖွင့်လှစ်ခဲ့ဖူးကြောင်း သိရသည်။ ထိုမှတစ်ဆင့် ၁၉၈၄ ခုနှစ်တွင်မှ အိုင်အာဘာသာရပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အိုင်အာပါရဂူဘွဲ့ (Ph.D)အထိ ပေးအပ်နိုင်ခဲ့သည်။ နိုင်ငံ့အတွက် အနာဂတ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်သည့်အတွက် ဝမ်းသာရပါ၏။ နိုင်ငံအတွက် လိုအပ်သော လူသားရင်းမြစ်များ မွေးထုတ်ပေးနိုင်ခြင်းသည်ပင် နိုင်ငံ၏အနာဂတ်လှပရေးအတွက် အလားအလာကောင်းဟု ယုံကြည်မိပါသည်။

မိမိတို့တက္ကသိုလ်စတက်ချိန်က ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်အပါအဝင် ဆရာကြီး ဆရာမကြီးများက တပည့်များကို မျှော်လင့်ချက်ကြီးစွာ လေ့ကျင့်သင်ကြားပေးခဲ့သည်ကို အမှတ်ရမိသည်။ ဆရာများက အိုင်အာကျောင်းသားတွေဆိုတာ နောင်တစ်ချိန်မှာ ကိုယ့်နိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်ကြရမှာ၊ ဒါကြောင့် အင်္ဂလိပ်စာကောင်းရမယ်ဟု ဆိုကာ သင်ပေးခဲ့ကြသည်။

seminar များ ကျင်းပပေးသည်။ နိုင်ငံတကာ အတွေ့အကြုံရစေရန်ဆိုကာ လေ့လာရေးခရီးကိုပင် ထိုအချိန်က ဟိုတယ်နှင့်ခရီးဝန်ကြီးဌာနက Tourist Burma ကားဖြင့် ပို့ပေး သည်။ အဆင့်မြင့်ဟိုတယ်မှာ တည်းရန်စီစဉ်ပေးသည်။ ပုဂံဘုရားဖူး ခရီးစဉ်တစ်လျှောက် လေ့လာရေးကို အင်္ဂလိပ်လိုသာ ရှင်းပြသည်။ နိုင်ငံခြားအစားအသောက် စားတတ်ရန်အတွက် ဇွန်း၊ ခက်ရင်း ကိုင်ပုံကိုင်နည်းမှအစ သင်ပေးခဲ့သည်ကို ပြန်လည်တွေးမိသည့်အခါ တပည့်များအပေါ် ထားရှိသည့် ဆရာကြီး ဆရာမကြီးတို့၏ စေတနာနှင့် မျှော်မှန်းချက်မှာ အတိုင်းမသိပင်။ ထိုအတွက် ဆရာကြီး ဆရာမကြီးတို့ကို အချိန်တိုင်း လေးစားမြတ်နိုး တန်ဖိုးထားရပါ၏။

ထိုအချိန်က ဆရာကြီးများဖြစ်သော ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်၊ ဆရာကြီး ဦးအောင်ဝင်း၊ ဆရာကြီး ဦးမောင်မောင်လေး၊ ဆရာကြီး ချစ်ခင်၊ ဆရာကြီး အက်စ်ဇာပန်း၊ ဆရာမကြီးများတွင် ဆရာမကြီး ဒေါ်မြမြ၊ ဆရာမကြီး ဒေါ်စောခင်ကြီး၊ ဆရာမကြီး ဒေါ်ခင်ငြိမ်းတို့ကို သက်ရှည်ကျန်းမာစွာ တွေ့ရသည်။ ဆရာကြီး ဆရာမကြီးများကို သက်ရှည်ကျန်းမာစွာ မြင်တွေ့ရသည့်အခါ များစွာဝမ်းသာကြည်နူးရပါ၏။

ဆရာကြီး ဆရာမကြီးများ ကျန်းမာချမ်းသာပါစေ

**မိခင်ဌာနကြီးနှင့် ဆရာကြီး ဆရာမကြီးများကတော့ နိုင်ငံ့အပေါ်၊ ဌာနအပေါ်၊ တပည့်များအပေါ် တာဝန်ကျေပွန်ခဲ့လေပြီ။ ယနေ့ထက်တိုင်လည်း တာဝန်ကျေပွန်နေဆဲပင်။ ထိုသို့ဆိုပါလျှင် မိမိတို့ကရော ... အဘယ်သို့ဆိုကြမည်နည်း။ အမေးလွယ်သလောက် အဖြေမလွယ်လှ။**

ကြောင်းလည်း ဆုတောင်းရပါသည်။ ကွယ်လွန်သွားကြသည့် ဆရာမကြီး ဒေါ်လှကြည်၊ ဆရာမကြီး ဒေါ်ခင်ထွေးရီ၊ ဆရာကြီး ဦးတင်မောင်ဌေးနှင့် ဆရာကြီး ဦးအောင်မြင်၊ ဆရာမကြီး ဒေါ်မြင့်မြင့်ခင်တို့အတွက်လည်း ဝမ်းနည်းကြေကွဲကြရ၏။ တပည့်များအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုများပင် ဖြစ်သည်။ ထိုဆရာကြီး ဆရာမကြီးများမှာ မန္တလေးတက္ကသိုလ် အိုင်အာဌာနကို စတင်ထူထောင်ခဲ့သူများ၊ ပဲ့ကိုင်ရှင်များပင် ဖြစ်သည်။

### နှစ်စဉ်ဆရာကန်တော့ပွဲ

ယခုအခါ မန်းတက္ကသိုလ် အိုင်အာဌာန၏ရင်ခွင်မှ ထွက်ခွာခဲ့ကြသော သားသမီးတို့သည် မြန်မာပြည်အနှံ့၊ ကမ္ဘာအနှံ့ လုပ်ငန်းအသီးသီး၊ တာဝန်အသီးသီးဖြင့် ခြေဆန့်နေကြလေပြီ။ အမိဌာနကြီးကတော့ မျိုးဆက်သစ် သားငယ်သမီးငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်နေဆဲပင်။ တစ်ခါတစ်ရံတော့ မိခင်ကြီးသည် တစ်ချိန်တစ်ခါက သားသမီးများကို မျှော်ရှာပေလိမ့်မည်။ လွမ်းရှာပေလိမ့်မည်။ ပူပန်ရှာပေလိမ့်မည်။ မိခင်၏မေတ္တာကို ကိုယ်ချင်းစာကြည့်မိတော့ ကိုယ်ကိုယ်တိုင် ခံစားရပါ၏။ မိမိကိုယ်တိုင်သည်ပင် မိခင်ကြီး၏ရင်ခွင် ခိုဝင်ခဲ့ဖူးသည်ပဲလေ။

အိုင်အာဘာသာရပ် စတင်ဖွင့်လှစ်စဉ်က တက်ရောက်ခဲ့ကြသော ကျောင်းသားများသည် ယခုအခါ အိုင်အာဌာနကို ဆက်လက်တာဝန်ယူနေကြပြီ ဖြစ်သည်။ ပခုံးပြောင်းလက်ဆင့်ကမ်း တာဝန်ယူကြသည်မှာ သမိုင်းပေးတာဝန်ဟုလည်း ဆိုနိုင်ပါ၏။ နိုင်ငံ၏နယ်ပယ်ကဏ္ဍအသီးသီးတွင် ရောက်ရှိ တာဝန်ထမ်းဆောင်နေကြသည့် အိုင်အာကျောင်းသားများကို မြင်တွေ့ရသည့်အခါ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်တဲ့ နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်ကြပါစေဆိုသည့် ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်၏ ဆုတောင်းစကားကို ပြန်လည်ကြားယောင်မိသည်။ ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်အပါအဝင် ဆရာကြီး ဆရာမကြီးများ ထုဆစ်ပုံဖော်ခဲ့သော လက်ရာတို့သည် ယခုအခါ သက်ဝင်လှုပ်ရှားနေကြလေပြီ။

ဒီဇင်ဘာလရောက်တိုင်း မန္တလေးတက္ကသိုလ် အိုင်အာဌာနက ဦးစီး၍ ဆရာကန်တော့ပွဲ ကျင်းပလာသည်မှာ နှစ်စဉ်နှစ်တိုင်း မပျက်မကွက်ခဲ့ကြ။ ဦးစီးကျင်းပခဲ့သောသူများကို အထူးလေးစားရသည်။ လူအား၊ ငွေအား၊ စိတ်အား၊ အချိန်တို့ ရင်းနှီးရသည်။ ဆရာကန်တော့ပွဲနှင့်ပတ်သက်၍ မှတ်သားဖူးပါသည်။ ပညာအရာတွင် ဧတဒဂ်ဘွဲ့ထူးဆွတ်ခူးတော်မူခဲ့သည့် အရှင်သာရိပုတ္တရာ၏ ဆရာအပေါ် လေးစားမြတ်နိုးမှုမှာ အတုယူစရာပါ။ အရှင်သာရိပုတ္တရာလောင်း ဥပတိဿသည် ပဉ္စဝဂ္ဂီငါးဦးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် အရှင်အဿဇိထံမှ ယေဓမ္မာ ဟေတုပ္ပဘဝါ စသောဂါထာကို ကြားနာလိုက်ရသဖြင့် သောတာပန်တည်ခဲ့၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် အရှင်အဿဇိ ရဟန္တာအရှင်မြတ်အား ဆရာတစ်ဆူအဖြစ် အလေးအမြတ်ထားကာ ကျိန်းစက်သည့်အခါတွင်လည်း အရှင်အဿဇိမထေရ်ရှိရာအရပ် ဦးခေါင်းထားကာ ကျိန်းစက်လေ့ရှိ၏ဟု မှတ်သားခဲ့ရပါသည်။

ယခုကဲ့သို့ ဆရာကန်တော့ပွဲတွင် ဆရာများကန်တော့ရသည်မှာ စိတ်ချမ်းမြေ့မှုအရှိဆုံး အချိန်ပင်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများ၏ ရင်တွင်းစကားသံများ၊ ဆုတောင်းစကားများ၊ ဆုံးမစကားများသည် တပည့်များအတွက် ခွန်အားတွေပင် မဟုတ်ပါလား။

ဆရာကန်တော့ပွဲတွင် ဆရာကြီး ဆရာမကြီးများ၏ ဆရာ့ဂုဏ်၊ ပညာ့ဂုဏ်တို့အတွက် ဦးနှိမ်ကန်တော့ရသည် သာမက မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ်များအကြား ပညာများ၊ အတွေ့အကြုံများ၊ သင်ခန်းစာများကိုလည်း မျှဝေနိုင်ကြသည်။ ပညာဆိုသည်မှာ ကျောင်းစာသင်ခန်းမအတွင်းသာ သင်ယူရ၊ ရှာဖွေရ၊ လေ့လာရသည့် အခြေအနေ မဟုတ်တော့။

တစ်နည်းအားဖြင့် formal education ဆိုသည့် ကျောင်းတွင်းပညာရေးသာမက informal၊ non- informal ဆိုသည့် ကျောင်းပြင်ပပညာရေးများကိုလည်း ဆက်လက်လေ့လာဆည်းပူးကြရန် လိုအပ်နေပါသည်။ သို့မှသာ တစ်သက်တာ ဆည်းပူးလေ့လာခြင်း၊ စဉ်ဆက်မပြတ် ပညာသင်ယူခြင်း ရရှိနိုင်မည်မဟုတ်ပါလား။

### အသုံးချပညာရေး

တက္ကသိုလ်ဆိုသည်မှာ အတွေးအခေါ်တို့ ပေါက်ဖွားရာ၊ တီထွင်ဆန်းသစ်မှုတို့ မွေးဖွားရာ ဘူမိနက်သန် ဖြစ်ပေသည်။ အမိဌာနကြီးက ပညာသင်ကြားပေးရသည့် ရည်ရွယ်ချက်၊ ဆရာကြီး ဆရာမကြီးတို့၏ ပညာသင်ကြားပေးခဲ့ခြင်း ရည်ရွယ်ချက်၊ မိမိတို့ကိုယ်တိုင်၏ ပညာဆည်းပူးရခြင်း ရည်ရွယ်ချက်များ ထပ်တူကျ၊ မကျ ဆန်းစစ် ကြည့်မိသည်။

ထိုအခါ နှင်းမြူလွှလွှ မန္တလာဆောင်း၏ အေးမြမှုတွင် မိမိ၏အတွေးများကတော့ မအေးမြနိုင်။ အတွေးများက နှင်းမြူမှုန်များနှင့်အတူ ဝေဝါးလှသည်။ တက္ကသိုလ်မြေသို့ ပြန်လည်ခြေချမိချိန်တွင်တက္ကသိုလ်တက်ရသည့် ရည်ရွယ်ချက်၊ တက္ကသိုလ်တက်ရသည့်တန်ဖိုး၊ ပညာ၏ရည်ရွယ်ချက်၊ ပညာ၏တန်ဖိုးတို့ကို စဉ်းစားနေမိသည်။ ပညာသင်ကြားခြင်းနှင့် ပညာအသုံးချခြင်း ကွာခြားချက် မည်သို့နည်း။ ပညာသင်ကြားသူအဖြစ်မှ ပညာကိုအသုံးချနိုင်သူဖြစ်မှလည်း ပညာ၏တန်ဖိုးရှိမည်ဟု ယုံကြည်မိပါသည်။

တက္ကသိုလ်တွင် ဆရာကြီး ဆရာမကြီးများထံမှ ပညာသင်နှစ်ကာလများအတွင်း ပညာသင်ယူခဲ့ရ၊ ဆည်းပူးခဲ့ရသည့် ပညာများကို ပြန်လည်အသုံးချနိုင်ခွင့်များရရှိရန် မျှော်မှန်းမိသည်မှာ အိုင်အာကျောင်းသားဟောင်းတစ်ယောက်၏ မျှော်မှန်းချက်ဖြစ်သည်သာမက ယခုတက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများနှင့် နောင်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်က လူငယ်များ ရေကြည်ရာမြက်နုရာ နိုင်ငံရပ်ခြားထွက်ခွာသည်ကို နားလည်ပါသည်။ ထို့အတူ ကိုယ့်နိုင်ငံတွင်းမှာလည်း ရေကြည်ရာမြက်နုရာ ဖန်တီးကြဖို့ လိုအပ်ကြောင်း မှာကြားခဲ့ဖူးသည်ကို မှတ်သားမိနေပါ၏။ ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းနိုင်ရန်ဆိုပါက ပညာရှင်များ၊ ကျွမ်းကျင်သူများ ကဏ္ဍတိုင်းတွင် များစွာလိုအပ်နေဆဲ ဖြစ်ပါသည်။ တက္ကသိုလ်များက မွေးထုတ်ပေးလိုက်သည့် နိုင်ငံတွင်းရှိ လူသားရင်းမြစ်များကို နေရာပေးအသုံးချရန် လိုအပ်သကဲ့သို့ နိုင်ငံအနှံ့အပြားသို့ ဦးနှောက်ယိုစီးသွားသည့် ပညာရှင်များ၊ ကျွမ်းကျင်သူများအတွက် ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လည်း လိုအပ်မည်ဟု ခံစားမိပါသည်။

စက်မှုတော်လှန်ရေး ၄.၀ သို့ ကူးပြောင်းရေး ကမ္ဘာ့နိုင်ငံအားလုံးက ကြိုးစားနေချိန်တွင် ကျွမ်းကျင်အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နည်းပညာများသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်လာနေပါသည်။ လူသားရင်းမြစ်များ မွေးထုတ်ခြင်းနှင့်အတူ အသုံးချနိုင်စွမ်းလည်းရှိရန် လိုအပ်ပေလိမ့်မည်။ သဘာဝတရားဖြစ်စဉ်တွင် ပုရွက်ဆိတ်ဆိုသည့် သတ္တဝါငယ်လေးသည်ပင် သူ့နေရာနှင့်သူ အရေးပါပါ၏။ မည်သူ၊ မည်သည့်အရာ မည်မျှအရေးကြီးသည်၊ အရေးပါသည်ဆိုသည်မှာ ထိုအရာများအပေါ် မည်မျှအထိ အလေးထားသည်၊ အသုံးချနိုင်သည်ဆိုသည်က ယင်း၏တန်ဖိုးပင် မဟုတ်ပါလား။

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဗလငါးတန်နှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသော နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးရန်နှင့် ပညာ၏အနှစ်သာရဖြစ်သော စဉ်းစားတွေးခေါ်မှု၊ တီထွင်ဖန်တီးမှု၊ ကျင့်ဝတ်လိုက်နာမှုများရှိသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်လျက် ရှိနေပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံလာခြင်းလည်း ဖြစ်ပါ သည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံသော်လည်း တက္ကသိုလ်မှ ဘွဲ့ရသည်နှင့် ပညာသင်ကြားမှု ရပ်ဆိုင်းသွားခြင်း၊ သင်ကြားခဲ့ရသည့်ပညာအား အသုံးချခွင့်၊ အသုံးချရန်နေရာ၊ အသုံးချမည့်သူ မရှိခြင်းသည် အားလုံးအတွက် ဆုံးရှုံးမှုဟု ဆိုရပါလိမ့်မည်။ တစ်ချိန်တစ်ခါက တက္ကသိုလ်နယ်မြေတွင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်ကြီးမားစွာ သင်ကြားခဲ့ရသော ပညာများကို ပြန်လည်အသုံးချခွင့် ရရှိရန်မှာ ကျောင်းသားတိုင်းလိုလို၏ ဆန္ဒဖြစ်ပါသည်။ ဆန္ဒအားလုံးပြည့်ဝစေလိုလှပါ၏။

### ဆောင်းနှင်းမြူများအောက်ဝယ်

မမေ့အပ်သော ဤကျောင်းတော်ကြီး၊ ဦးထိပ်ထားရပါသော ဤဌာန၊ ဤဆရာများ၊ ချစ်လှစွာသော ဤသူငယ်ချင်းများအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုသည့် ကာလနယ်ပယ်တို့ အတားအဆီးမဲ့သည်ကို မသိစိတ်တွင် စွဲနေပါ၏။ လွမ်းမောဖွယ်ဘဝများအတွက် အထူးပင်ဝမ်းသာရ၊ ကြည်နူးနေရဆဲပင်။

ကျောင်းဝင်းအတွင်း လမ်းလျှောက်လာရင်း ကျောင်းကြီး၏အဆောက်အဦအချို့ ပြောင်းလဲနေသည်များကိုတွေ့ရသလို မပြောင်းလဲသောအရာတို့ကိုလည်း တွေ့ရသည်။ ဤတက္ကသိုလ်ကြီးတွင် မိမိတို့တစ်တွေ ခြေရာချင်းထပ်ခဲ့ကြ၊ ပျော်ခဲ့ကြသည်။ ပညာဆည်းပူးခဲ့ကြသည်။ ရင်းနှီးခဲ့ကြပါ၏။ ဘဝအတွေ့အကြုံများ ရခဲ့ကြပါ၏။ ရုပ်တရားတို့ ပြောင်းလဲနေသော်လည်း ရင်တွင်းခံစားချက်တို့ကတော့ လွန်ခဲ့သည့် နှစ် ၃၀ ကျော်ကလိုပင် နုပျိုဆဲ၊ လန်းဆန်းနေဆဲ။ ကျောင်းသားကျောင်းသူအားလုံးတို့လည်း မိမိလိုပင် ခံစားကြရပေလိမ့်မည်။ အိုင်အာဌာနရှေ့ရောက်သည့်အခါ အိုင်အာဌာနကြီးသည် မျှော်တော်ဇောဖြင့်မောနေရသည့် မိခင်တစ်ဦးပမာ။ မိခင်ဌာနကြီးအား ခပ်လှမ်းလှမ်းမှ ခေတ္တမျှခပ်မဆိတ်ကြည့်နေမိသည်။ ကြည့်နေရင်း ရင်တွင်းမှာတော့ ဖော်ပြရန်ခက်ခဲလွန်းသည့် ခံစားချက်အပြည့်နှင့် ငေးငိုင်နေမိ၏။

မိခင်ဌာနကြီးနှင့် ဆရာကြီး ဆရာမကြီးများကတော့ နိုင်ငံ့အပေါ်၊ ဌာနအပေါ်၊ တပည့်များအပေါ် တာဝန်ကျေပွန်ခဲ့လေပြီ။ ယနေ့ထက်တိုင်လည်း တာဝန်ကျေပွန်နေဆဲပင်။ ထိုသို့ဆိုပါလျှင် မိမိတို့ကရော ... အဘယ်သို့ဆိုကြမည်နည်း။ အမေးလွယ်သလောက် အဖြေမလွယ်လှ။

ဒီဇင်ဘာ ဆောင်းရာသီ၏ နှင်းမြူများမှာ အိုင်အာဌာနရှေ့တွင် မှိုင်းဝေလျက်။ ။

# နန်နင်းမြို့၌ စကျင်ကျောက် လျောင်းတော်မူဗုဒ္ဓရုပ်ပွားဆင်းတုတော် အနေကဇာတင်ပူဇော်ပွဲ ကျင်းပ



**နန်နင်း နိုဝင်ဘာ ၂၇**
တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ ချင်းရှုတောင် ကွမ်ရင်ကျောင်းတိုက်တွင် မြန်မာနိုင်ငံမှ လှူဒါန်းထားသော စကျင်ကျောက် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရွှေဆံနွယ်ဆရာတော် ဒေါက်တာ အရှင်ဝါယာမာနန္ဒ၊ ရွှေဆံနွယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဇောတိက၊ အရှင်ဝိစိတ္တသာရ၊ ချင်းရှုတောင် ကွမ်ရင်ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ရှင်ချန်ခိုင်နှင့် သံဃာတော်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် ဝန်ထမ်းများ၊ နန်နင်းမြို့တွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများနှင့် ပညာသင် မြန်မာကျောင်းသားများ တက်ရောက်ကြသည်။

ရွှေဆံနွယ်ဆရာတော်ဦးဆောင်သော သံဃာတော်များသည် နိုဝင်ဘာ ၂၄ ရက်က ကွေ့လင်မြို့ ချီရှာဗုဒ္ဓဘာသာကျောင်းတိုက်ရှိ တရုတ်-အာဆီယံ ဗုဒ္ဓဘာသာယဉ်ကျေးမှုဗဟိုဌာန(ကွေ့လင်)တွင် ပြုလုပ်သော မြန်မာကောင်စစ်ဝန်ချုပ်က ၎င်းကျောင်းတိုက်အတွက် ပူဇော်ခံရန် ဗုဒ္ဓဆင်းတုတော် လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ၎င်းကျောင်းတိုက်တွင် ကျင်းပသည့် ဗုဒ္ဓဘာသာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ယင်းကျောင်းတိုက်တွင် ပူဇော်ခံနိုင်ရန်အတွက် ထုလုပ်မည့် လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ နိုဝင်ဘာ ၂၅ ရက်ကလည်း ကွေ့လင်မြို့နယ် ဟိုင်ရန်ကျေးရွာရှိ မင်ရှင်းဗုဒ္ဓဘာသာကျောင်းတိုက်တွင် ပြုလုပ်သော ဗုဒ္ဓပူဇနီယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ်သစ်ပင် စိုက်ပျိုးခဲ့သည်။ ၎င်းကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ရွှေဆံနွယ်ဆရာတော် ဦးဆောင်သည့် သံဃာတော်များသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့၊ ကွေ့လင်မြို့တို့တွင် နိုဝင်ဘာ ၂၁ ရက်မှ ယနေ့အထိ သာသနာပြုဓမ္မစာရီးစဉ်အတွင်း ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးသက်နောင်(Mofa)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မိုင်းရှင်းလင်းရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုညီလာခံတွင် ရှင်းလင်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**
နော်ဝေနိုင်ငံ အော်စလိုမြို့တွင် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မိုင်းရှင်းလင်းရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုညီလာခံသို့ တက်ရောက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မိုင်းရှင်းလင်းရေးဆိုင်ရာ သဘောတူစာချုပ်ကို စောင့်ကြည့်လေ့လာဆဲ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၆ ရက်က ရှင်းလင်းပြောကြားခဲ့သည်။

**လွန်စွာအရေးကြီး**

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မိုင်းရှင်းလင်းရေးဆိုင်ရာ ပြန်လည်သုံးသပ်သည့်ညီလာခံကို မြန်မာနိုင်ငံအနေဖြင့် ဝန်ကြီးအဆင့် ဦးဆောင်၍ ပထမဆုံးအကြိမ်တက်ရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၇၀)နီးပါးခန့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး နောက်ကျခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဦးစားပေးဆောင်ရွက်လျက်ရှိရာ မိုင်းအန္တရာယ်ကင်းရှင်းရေး၊ မိုင်းဒဏ်သင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးပါကြောင်း။

၂၀၁၉ ခုနှစ်အတွင်း ပြည်သူ ၂၈၀၀၀၀ ကျော်ကို မိုင်းအန္တရာယ် အသိပညာပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှစ၍ အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်သူတစ်သန်းခန့်ကို အသိပညာပေးနိုင်ခဲ့ပါကြောင်း၊ မိုင်းဒဏ်သင့်ပြည်သူများအား ပိုမိုထောက်ပံ့နိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိုင်းအန္တရာယ်နှင့်ပတ်သက်၍ မိုင်းအန္တရာယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (Mine Action Authority) ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အထူးသဖြင့် အာဆီယံ မိုင်းစင်တာနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများကို တိုင်းရင်းသားဘာသာစကားများဖြင့်လည်း ဖြန့်ဝေလျက်ရှိကြောင်း၊ ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေး မဟာဗျူဟာကို မကြာသေးမီက မိတ်ဆက်ခဲ့ပြီးနောက် IDP စခန်းများ ပိတ်သိမ်းရေးကြိုးပမ်းရာတွင် မိုင်းအန္တရာယ်ကင်းရှင်းရေးမှာအရေးကြီးပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို အခြေခံသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ တိုးတက်လာစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံကဲ့သို့ အခြားစောင့်ကြည့်လေ့လာဆဲနိုင်ငံဖြစ်သော လက်ဘနွန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် သီးခြားတွေ့ဆုံခဲ့ကြသည်။

**ပြည်သူလူထုနှင့်ပူးပေါင်း**

ထိုသို့ တွေ့ဆုံရာတွင် လက်ဘနွန်နိုင်ငံအနေဖြင့် ၁၉၉၈ ခုနှစ်မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းကို တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ပြီး မိုင်းရှင်းလင်းရေးရုံးကို စတင်ဖွဲ့စည်းတည်ထောင်ကာ မိုင်းရှင်းလင်းရေး စတင်ကြိုးပမ်းခဲ့မှု၊ လုပ်ရိုးလုပ်စဉ် မိုင်းရှင်းလင်းရေးမှ လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုသည့် မိုင်းရှင်းလင်းရေးဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်း၊ နည်းပညာနှင့် လူသားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့မှု၊ မိုင်းရှင်းလင်းရေးရုံးအဖွဲ့မှ မိုင်းအာဏာပိုင်အဖွဲ့အစည်းသို့ ပြောင်းလဲဖွဲ့စည်း၍ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူလူထုနှင့်ပူးပေါင်း၍ မိုင်းရှင်းလင်းရေးဆောင်ရွက်နေမှု၊ လက်ဘနွန်နိုင်ငံအနေဖြင့် နည်းပညာအကူအညီ၊ ငွေကြေးအကူအညီရရှိနိုင်ရန် ရည်ရွယ်၍ မိုင်းရှင်းလင်းရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်နေမှု၊ မိုင်းအသုံးပြုမှုသည် လူမှုစီးပွားဘဝကို ဆိုးရွားစွာ ထိခိုက်စေသည့်အတွက် လက်ဘနွန်တပ်မတော်အနေဖြင့် မြေမြှုပ်မိုင်းများကို အသုံးမပြုတော့ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လေ့လာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ**
အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုပြီးစီးမှုနှင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းမှန်များကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ အပတ်စဉ် သတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့များက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တို့ ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်တက္ကသိုလ်အဓိပတိလမ်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့နှင့် သစ်ပုတ်ပင်တစ်ဝိုက်တို့တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၂၀ ကျော်တို့က အထူးဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်သည်။

ထို့ပြင် ရှေးဟောင်းရှားပါးစာအုပ်များ၊ အခြားအထူးလျှော့ဈေးဖြင့် ရောင်းချမည့် စာအုပ်အရောင်းဆိုင်များ ပါဝင်ကြမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**



# သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့



**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် အလှူရှင်များက ကြီးမှူး၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ထပ်တူပါဝင် ဂါရဝကုသိုလ်ယူသည့် အသက် ၇၀ အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြု ကန်တော့ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညဏ်ထွန်းက ဂါရဝပြု ကန်တော့ပွဲအခမ်းအနား ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အတူ တက်ရောက်လာသည့် ဧည့်သည်တော်များက သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား အလှူငွေနှင့် ပစ္စည်းများ ကန်တော့ပြီး သက်ကြီးကန်တော့ခံ ဆရာကြီးများကိုယ်စား ဆရာကြီးတက္ကသိုလ် ဦးစိုးဝင်းက ဩဝါဒစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အေးမင်းသူ**

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း ရန်ကုန်တွင် ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၇**
မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း (၁/ ၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြန်လည် ထူထောင်ရေးစခန်း(ရန်ကုန်)၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်က "မူးယစ်ဆေးစွဲရောဂါကို ကာကွယ်နိုင်ဖို့နဲ့ အမြစ်ပြတ်ဖို့ဆိုရင် အခုလို ပြန်လည်ထူထောင်ရေး သင်တန်းတွေကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဒီသင်တန်းတွေကနေ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေမှာ ပြန်လည်ထူထောင်ပေးလိုက်လို့ မူးယစ်ဆေးဝါးကို ပြန်သုံးတဲ့ အခွင့်အလမ်းတွေ နည်းသွားမယ်ဆိုရင် သူဟာ လူကောင်းတစ်ယောက်ပြန်ဖြစ်လာနိုင်ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မူးယစ်ဆေးစွဲနေသူများအား ဆေးဖြတ်ကုသရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း၊ စခန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက်ထိ သုံးလကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မူးယစ်ဆေးဖြတ်ပြီးသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ကျန်းမာသန်စွမ်းလာစေရန်နှင့်ဘဝရပ်တည်ရေးတွင် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေမည့် သက်မွေးမှုပညာရပ်များ ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိမ်းခက်**

## သတင်းစုံကဏ္ဍ

### ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**ချောက်** ။ ။မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ကိုးလမှ ငါးနှစ်ခွဲအရွယ် ကလေးငယ်များကို မြို့နယ်ကျန်းမာရေးဌာန ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦး ဦးဆောင်ကြီးကြပ်သည့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံသည့်အဖွဲ့ ၇၀ ကျော်မှကာကွယ်ဆေးထိုးနှံခြင်းကို ချောက်မြို့အမှတ်(၅)ရပ်ကွက် ဆုတောင်းပြည့်ဓမ္မာရုံ၌နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ဖွင့်ပွဲ ကျင်းပသည်။

ချောက်မြို့နယ်အတွင်းတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံသည့်ကလေးငယ် ၁၆၁၈၅ ဦးရှိပြီး ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံသွားမည်ဖြစ်ကြောင်းသိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

**မိတ္ထီလာ** ။ ။မိတ္ထီလာမြို့နယ်လုံးကျွတ် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျီတော်ကုန်းရပ်ကွက်အောင်မြေလောကမိုဃ်းကောင်းဓမ္မာရုံအနီး၌ ကျင်းပသည်။

မိတ္ထီလာမြို့နယ်အတွင်းကျေးရွာများနှင့် ရပ်ကွက်များရှိ ကာကွယ်ဆေးထိုးနှံရေးနေရာ ၄၀၃ နေရာတွင် အသက် ကိုးလမှ ငါးနှစ်ထိကလေးငယ် ၂၃၈၇၅ ဦးအား နိုဝင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို အပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုခရိုင်ဦးစီးမှူး ဒေါက်တာသန္တာလင်းက ပြောကြားသည်။ **ချမ်းသာ (မိတ္ထီလာ)**

### စာသင်ကျောင်းသို့ သောက်သုံးရေလှူဒါန်း

**ညောင်ဦး**။ ။မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျွန်းခင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေအခက်အခဲကြုံတွေ့နေရကြောင်း သိရသဖြင့် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းဆရာတော် အရှင်သာဂရဦးစီးတည်ထောင် ထားသည့် ဖြူစင်မေတ္တာပရဟိတရေလှူအသင်းက ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျွန်းခင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် KG တန်းမှ ဒသမတန်းအထိကျောင်းသားကျောင်းသူ ၂၄၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

### မြောင်းမြမြို့တွင် မြို့နယ်အဆင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း လုပ်ငန်းဖွင့်ပွဲ ကျင်းပ

**မြောင်းမြ**။ ။အသက်ကိုးလမှ ငါးနှစ်ခွဲအထိ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ထို့နောက် အမှတ်(၅)ရပ်ကွက်ရုံးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများသည် ကျန်းမာရေးဌာနဝန်ထမ်းများက မြို့ပေါ်ရှိ အသက် ကိုးလမှ ငါးနှစ် အတွင်း ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ ကလေးငယ်များအား အရုပ်လက်ဆောင်ပစ္စည်းများပေးဝေခဲ့သည်။ **အောင်မင်း(မြောင်းမြ)**



နိုဝင်ဘာ ၂၄ ရက် ညက မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်ဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လယ်ဝေးမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေး လှည့်ကင်းဖြင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်စဉ်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲတွင် မြန်မာ့နံပါတ် ၁ ကြက်တောင်မယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**
၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားသမား ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက အကူအညီတောင်းခံထားကြောင်း သိရပြီး ကစားသမားများစာရင်းတွင် မြန်မာ့နံပါတ် ၁ ကြက်တောင်မယ် သက်ထားသူဇာပါဝင်ကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ သိရသည်။

သက်ထားသူဇာသည် လက်ရှိတွင် အိန္ဒိယနိုင်ငံ Lucknow မြို့၌ နိုဝင်ဘာ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပနေသည့် SYED MODI International Championship 2019 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသည် Badminton World Fedration (BWF) က သတ်မှတ်ထားသည့် ပြိုင်ပွဲများအနက် Grade 2 အဆင့်ရှိပြီး နာမည်ကြီး ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်းလည်း သိရသည်။

“ကြက်တောင်မယ် သက်ထားသူဇာက တကယ်တော့ သူသွားနေတာက Road to Olympic ပါ။ အိုလံပစ်ကိုဝင်တယ်ဆိုတာ Qualified Round တွေ အများကြီးလုပ်ရပါတယ်။ အဲဒီတော့ Qualified Round တွေမှာ အမှတ်ရဖို့လိုအပ်ပါတယ်။ အမှတ်ရဖို့ လိုတဲ့အတွက် အမှတ်ရနိုင်မယ့်နေရာတွေမှာ တောက်လျှောက်ကစားပြီးတော့ အမှတ်ယူနေရတာပါ။ အခုတဖြည်းဖြည်း ဒီဘက်ကို ရောက်လာပြီးတော့ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ကစားနေပါတယ်။ အဲဒီလိုကစားတဲ့အခါမှာလည်း ဒီဘက်က အာရှအဖွဲ့တွေနဲ့တွေ့မယ်။ အာရှဆိုတာ ကြက်တောင်နဲ့ပတ်သက်ရင် ကမ္ဘာ့အဆင့်တွေ ကြီးပါပဲ။ ကမ္ဘာ့အဆင့်တွေကြီး ဖြစ်တဲ့အတွက်ကြောင့် ဒီကမ္ဘာ့အဆင့်တွေကို တိုးဖို့ဆိုတာ တော်တော်လေးကို လုပ်ယူရပါတယ်”ဟု ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြောသည်။

မြန်မာ့နံပါတ် ၁ ကြက်တောင်မယ် သက်ထားသူဇာသည် လက်ရှိ အဆင့်သတ်မှတ်ချက်အရ အဆင့် ၆၁ နေရာတွင် ရပ်တည်လျက်ရှိကာ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆု ခြောက်ဆု၊ Egypt International Series 2018 ပြိုင်ပွဲတွင် ပထမဆု၊ နီပေါ အပြည်ပြည်ဆိုင်ရာ စီးရီးတွင် ဒုတိယဆု၊ Iran International Challenge 2018 ပြိုင်ပွဲတွင် တတိယဆုနှင့် အခြားဆုများစွာ ရရှိထားပြီး ဂျပန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် ဆုတံဆိပ်များရရှိနိုင်ရန် ကြိုးစားလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

## သထုံမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သထုံ နိုဝင်ဘာ ၂၇**

သထုံခရိုင် ကွပ်ကဲမှုအောက်ရှိ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာသို့ သထုံခရိုင် ဦးစီးမှူး ဦးမိုးဝင်း၊ သထုံမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၆ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

သထုံမြို့နယ် ဆင်ဖြူကျွန်းကျေးရွာတွင် စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများနှင့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုကို ကြည့်ရှုခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များနှင့် စာရင်းများ မှန်ကန်မှုရှိစေရေး မှာကြားခဲ့သည်။

ထို့ပြင် ဆင်ဖြူကျွန်းကျေးရွာသည် စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်ပြီးဖြစ်၍ ကျေးရွာသူ ရွာသားများ သွားလာမှုလွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မိုးဝင်း**

## သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဆင္မမအကြိမ် ပူဇော်ကန်တော့

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)၏ ဆဋ္ဌမ အကြိမ်မြောက် သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော် ခန်းမ၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။



**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်းထံ အလှူရှင်များက အလှူငွေများပေးအပ်ကြပြီး အော်ရီဒူးမြန်မာမှ လှူဒါန်းသောဟန်းဆက်သုံးလုံးအား ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်ကြီးများအား မဲဖောက်ပေးအပ်ကာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ- ဦးအုန်းကြိုင်က ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင်ကြီးများကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် သက်ကြီးသတင်းစာပညာရှင် ၅၇ ဦးတို့ကို အလှူငွေကျပ်တစ်သိန်းနှင့် ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကိုထက်**

## အမှိုက်မှ CNG ထုတ်လုပ်ရန် ပိုလန်နည်းပညာဖြင့် ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တွင်ထွက်ရှိသည့်အမှိုက်များအနက် နေ့စဉ် အမှိုက်တန်ချိန် ၁၀၀၀ ကျော်အား ဖျက်ဆီးကာ အမှိုက်မှ CNG ထုတ်လုပ်နိုင်ရန် ပိုလန်နည်းပညာဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ရဲ့ မင်္ဂလာဒုံလှော်ကားမှာရှိတဲ့ နောက်ဆုံးစွန့်ပစ်အမှိုက်ဖျက်ဆီးတဲ့ စွမ်းအင်ထုတ်လုပ်တဲ့စက်ရုံကို တစ်နေ့အမှိုက်တန်ချိန် ၆၀ ပို့ပြီးတော့ မီးရှို့ဖျက်ဆီးနေတဲ့အစီအစဉ်တွေရှိပါတယ်၊ နောက်ပြီးထိန်ပင်အမှိုက်ပုံမှာတော့ လက်ရှိမှာ တန် ၁၀၀၀ ကျော်ကို ပိုလန်နိုင်ငံနည်းပညာနဲ့ အမှိုက်ကနေ CNGထုတ်ဖို့ဆောင်ရွက်နေတာတွေရှိပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးချိုထွန်းအောင်က ပြောကြားသည်။

ရန်ကုန်မြို့၏ အမှိုက်ထွက်ရှိမှုသည် နေ့စဉ် တစ်ရက်လျှင် တန်ချိန်၂၅၀၀ ကျော်ထွက်ရှိပြီး အဆိုပါ အမှိုက်တန်ချိန် ၂၅၀၀ ကျော်အနက်မှ တန်ချိန် ၁၅၀၀ ကျော်အား ရန်ကုန်အနောက်ပိုင်းခရိုင်တွင်ရှိသည့် ထိန်ပင်အမှိုက်ပုံရှိရာဖြစ်သောနောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ ပို့ဆောင်ကာ ဖျက်ဆီးလျက်ရှိသည်။ အလားတူ တန်ချိန် ၁၀၀၀ ကျော်အား ထားဝယ်ချောင်အမှိုက်ပုံသို့ပို့ဆောင်ကာ ဖျက်ဆီးလျက်ရှိကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တွင် အမှိုက်ကင်းစင်မြို့နယ်များဖြစ်ပေါ်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၌ အမှိုက်နှင့်ပတ်သက်သည့် အသိပညာပေးမှုများ၊ မြို့နယ်အချို့တွင် အမှိုက်နှင့်ပတ်သက်၍ စနစ်တကျ စွန့်ပစ်ရေး လိုက်လံစည်းရုံးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇင်ထိုက် ဦးစီးသောတပ်ဖွဲ့ဝင်များက မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ရှင်းလင်းပြသစဉ်။

မောင်မောင်(လှူပ်စစ်)

## ဦးပိန်တံတားအောက်ရှိ အမှိုက်များကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ

**အမရပူရ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တောင်သမန်အင်းရှိကမ္ဘာကျော် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပခရီးသွားများ နေ့စဉ် လာရောက်မှုများပြားလျက်ရှိပြီး ဈေးသည်များနှင့် ခရီးသွားဧည့်သည်များ စွန့်ပစ်သည့် ပလတ်စတစ်အမှိုက်များကျွန်းတိုင် တံတားအောက် ခြေများတွင် အမှိုက်သရိုက်မျိုးစုံမြင်နေရသည်မှာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ကျောက်ပန်းတောင်းမြို့မှ ဘုရားဖူးလာရောက်သည့် ဆရာမ ဒေါ်ဝင်းလှဲ့ရည်က ပြောကြားသည်။



မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းရှိ ဦးပိန်တံတားသည် ကျွန်းတိုင်ပေါင်းများစွာဖြင့် တံတားတည်ဆောက်ထားရာ နှစ်ပေါင်း ၁၅၀ ကျော်နေပြီဖြစ်ကြောင်း ပြည်ပခရီးသွားဧည့်သည်များ အင်းရေကျချိန်တွင် ကျွန်းတံတားအောက်ဘက်ဆင်းကာ အံ့ဩဖွယ်ရာ တည်ဆောက်ထားသည့် ကျွန်းတိုင်လုံးကြီးများကို ဓာတ်ပုံရိုက်ကြသည်။

တံတားအနီးအညစ်အကြေးစွန့်ပစ်မှုများ၊ ပလတ်စတစ်အမှိုက်များ၊ တစ်ခါသုံးဘူးခွံများ၊ ဈေးသည်များစွန့်ပစ်သည့် အမှိုက်သရိုက်များ ပြည်တွင်းပြည်ပ ခရီးသွားများ မြင်တွေ့ရသည်မှာ ရှေးဟောင်းပစ္စည်း၊ ရှေးဟောင်းအမွေအနှစ်တန်ဖိုးများကို တန်ဖိုးမထားသလိုမြင်သွားစေနိုင်ကြောင်း ဂျာမနီ ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

**ကိုထိန်(ငှါသရောက်)**



နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး တော်လတီကျေးရွာလမ်းဆုံ၌ မြို့နယ်ရဲတပ်ဖွဲ့ ကတိုင်စိန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်စိုင်းခမ်းဒီးနွဲ့ ဦးစီးသောတပ်ဖွဲ့ဝင်များ မှုခင်းကျဆင်းရေးအတွက် ယာဉ်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ်။ **ကြေးမုံ**

## မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံ ခင်း

**ဒိုက်ဦး နိုဝင်ဘာ ၂၇**

ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျွန်းကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ၌ စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်သိန်း ၈၀ ဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

## ဖားကန့်မြို့နယ်တွင် လိမ္မော်သီးအထွက်နည်းသော်လည်း ဈေးကောင်းရ

**ဖားကန့် နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်းကားလမ်းရှိ လဝါးကျေးရွာတွင် ယခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှစ၍ လိမ္မော်သီးပေါ်ချိန်၌ လိမ္မော်သီးအထွက်နည်းသော်လည်း ဈေးကောင်းရရှိကြောင်း ဒေသခံများထံမှ သိရသည်။

မြစ်ကြီးနား-တနိုင်းကားလမ်းရှိ လဝါးကျေးရွာမှထွက်ရှိသည့် လိမ္မော်သီးများသည် အလုံးလှကာ အရသာချိုမြိန်သည့်အတွက် ကချင်ပြည်နယ်အတွင်း လူကြိုက်များသည်။

လိမ္မော်ခြံပိုင်ရှင် ဦးမီထွယ်တန်လီက " လိမ္မော်ပင်က နှစ်တိုင်းအသီးမများပါဘူး၊ တစ်နှစ်ခြားအသီးများတာပါ၊ ဒီနှစ်ငါးသောင်းသီးရင် နောက်နှစ်ဆိုသုံးသောင်းလောက်ပဲသီးပြီး နောက်တစ်နှစ်မှာ အသီးပြန်များလာတာပါ၊ အပင်သက်တမ်း ခုနစ်နှစ်ကနေစပြီး အသီးသီးပါတယ်" ဟု ပြောကြားသည်။

လိမ္မော်သီးဝယ်ရောင်းလုပ်ကိုင်သူ နမ္မတီးမြို့မှ မခိုင်က " လဝါးကျေးရွာကထွက်တဲ့ လိမ္မော်သီးက အရောင်လည်းလှတယ်၊ ချိုလည်းချိုတဲ့အတွက် လူကြိုက်ပိုများပါတယ်၊ ဖားကန့်၊ တနိုင်းနဲ့ မြစ်ကြီးနားမြို့တွေမှာ ပြန်လည်ရောင်းချပါတယ်၊ အလုံးကြီးရင်တော့ တစ်လုံးကိုကျပ်ငါးရာ၊ အလုံးသေးရင်တော့ ကျပ်သုံးရာရောင်းရပါတယ်" ဟု ပြောကြားသည်။

မြစ်ကြီးနား-တနိုင်းကားလမ်းတစ်လျှောက်ရှိ ဒွန်ဘုန်းခ၊ လဝါး၊ ဒွန်ဘန်နှင့် တိန်ကောက်ကျေးရွာများ၌ လိမ္မော်ခြံများစိုက်ပျိုးကြပြီး ကားလမ်းဘေးတစ်လျှောက်တွင် တဲတန်းများထိုးကာ တစ်ပိုင်တစ်နိုင် လိမ္မော်သီးရောင်းချသည့် ဆိုင်တန်းများဖြင့် စည်ကားလျက်ရှိသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျေးရွာသစ်လှူပ်ရှားမှုဆင့်ပွားသင်တန်း ဝါးခယ်မတွင် ဖွင့်လှစ်

**ဝါးခယ်မ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာသစ်လှူပ်ရှားမှုဖွင့်ပွဲနှင့် ကျေးရွာသစ်လှူပ်ရှားမှု ဆင့်ပွားသင်တန်းပို့ချပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ဝါးခယ်မမြို့ စက္ကူပါလခန်းမ၌ကျင်းပရာ အကျိုးပြုကျေးရွာများမှ ကျေးရွာသစ်လှူပ်ရှားမှုသင်တန်းသား ၁၉၂ ဦးတက်ရောက်ကြသည်။

**မော်ကျွန်း-မြင့်အောင်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဒုတိယအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်၍ ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီ၌ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည်။

**တက်ရောက်**

ဒုတိယအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားဖွင့်ပွဲကို ယဉ်ကျေးမှုပြတိုက်ရှေ့၌ ကျင်းပရာ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး၊ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောလုကာ၊ ထားဝယ်အမျိုးသားနေ့ ကျင်းပရေးကော်မတီဝင်များ၊ ထားဝယ်တိုင်းရင်းသား တိုင်းရင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။




ရှေးဦးစွာ မေဃဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍော်ဘာသ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ထားဝယ်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြနှင့် ဦးစိုးနွယ်တို့က ထားဝယ် အမျိုးသားနေ့ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ပိုမိုထိရောက်နိုင်**

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယက ဩဝါဒကထာမြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ထားဝယ်ဒေသ ဖွံ့ဖြိုးမှု အားနည်းစဉ်အတွင်း ထားဝယ်လူမျိုးစု ပျောက်ပျက်မသွားဘဲ ရာစုနှစ်ပေါင်းများစွာ ရေရှည်တည်တံ့စေရန် စောင့်ရှောက်ထိန်းသိမ်းနိုင်သည်ကို တွေ့မြင်ရပါကြောင်း၊ ယခုလို ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာချိန်၌ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ပြည်ပမှ အခြားသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ကူးစက်ရောနှောခံရ၍ လူမျိုးစုများ တဖြည်းဖြည်း ပျောက်ကွယ်မသွားရန် သတိပြုကြရန်လိုပါကြောင်း၊ အလားတူ မျိုးနွယ်စုများ လျော့ပါးပျောက်ကွယ်ရခြင်းသည် ဘာသာစကား၊ စာပေ ပြောဆိုသုံးနှုန်းမှု အလေ့အထ လျော့နည်းလာခြင်းနှင့်အတူ သင်ကြားသင်ယူမှုကဏ္ဍ၌ အားနည်းလာခြင်းတို့ကြောင့်ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်က ပံ့ပိုးကူညီပေးနေသော တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရပြဋ္ဌာန်းချက်များနှင့်အညီ ရိုးရာပွဲတော်များ ကျင်းပနိုင်ရေး၊ တိုင်းရင်းသားများနှင့်စပ်လျဉ်းသည့် အသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ရရှိရေး စသည့် ကိစ္စရပ်များ၌ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရှိမှသာ ပိုမိုထိရောက်နိုင်ပါကြောင်း၊ ထားဝယ်တိုင်းရင်းသားတို့က တိုင်းရင်းသားအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိရေး၊ လူမျိုးစုများရေရှည်တည်တံ့ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့တိုးဆောင်ရွက်နိုင်ရေးကဏ္ဍတို့တွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ပူးပေါင်းပါဝင်ကြရန် ပြောကြားသည်။

ဆက်လက်၍ ထားဝယ်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ အကြောင်းကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံမှ ပေးပို့လာသော သဝဏ်လွှာကို လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့လာသော သဝဏ်လွှာကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြက လည်းကောင်း ဖတ်ကြားသည်။

**ထားဝယ်လူမျိုး ဖြစ်ပေါ်လာ**

ယင်းနောက် ထားဝယ်အမျိုးသားနေ့အခမ်းအနား ကျင်းပရခြင်းနှင့် ထားဝယ်လူမျိုး ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြပြီး မေဃဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍော်ဘာသက ထားဝယ်အမျိုးသားနေ့အခမ်းအနား ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ကြောင်း မိန့်ကြားသည်။

ထို့နောက် ပွဲတော်ဖြစ်မြောက်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ထောက်ပံ့ငွေများကို သက်ဆိုင်ရာတာဝန်ရှိသူများကပေးအပ်ရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ထားဝယ်လူမျိုးပြကွက်အား လှည့်လည်ကြည့်ရှုကြသည်။ အခမ်းအနား တက်ရောက်လာကြသူများအား ထားဝယ်ရိုးရာယဉ်ကျေးမှုအကဖြင့် ဧည့်ခံဖျော်ဖြေသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ထားဝယ်မြို့ ကမ်းနားလမ်းရှိ ထားဝယ်မြစ်တွင် ကျင်းပသည့် ထားဝယ်ရိုးရာ လှေလှော်သရုပ်ပြပွဲနှင့် ပြိုင်ပွဲ၊ ထားဝယ်ရိုးရာ အားကစားနည်း သရုပ်ပြပွဲနှင့်ပြိုင်ပွဲသို့ ရောက်ရှိခဲ့ရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က အားကစားပြိုင်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ထားဝယ်ရိုးရာ လှေလှော်ပြိုင်ပွဲများကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။


ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အောင်နန်းဆန်အသင်းအား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဒိုင်းဆုနှင့် ဆုငွေများ ချီးမြှင့်ပေးခဲ့ပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြတို့က အထူးဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



### ဘိုးမင်းခေါင်ပုတီးစိပ်နည်းနှင့် ကျွန်တော်

သက်နှင်းဆွေ (ပုပ္ပား) ရေးသားသည့် ဘိုးမင်းခေါင်ပုတီးစိပ်နည်းနှင့်ကျွန်တော် စာအုပ်ထွက်ရှိလာသည်။ အဘဘိုးမင်းခေါင်နှင့်ပတ်သက်သည့် ထူးခြားဆန်းပြားမှုတချို့နှင့် ဘိုးမင်းခေါင်ပုတီးစိပ်နည်း အဓိဋ္ဌာန်ကျင့်စဉ်ဖြင့် ကိုယ်တွေ့ကောင်းကျိုးထူးခဲ့သည့်အကြောင်းအရာများကို သုတနှင့် ရသတွဲဖက်ဖတ်ရှုခံစား မှတ်သားနိုင်ရန် ရေးသားထားသည်။


စာအုပ်ကို – မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်–ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း –၀၁–၈၃၉၂၈၃၅၊ ၀၉–၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။




### ရိုးရိုးလေးသာ အားထုတ်ကြပါ

ကိုကိုသန်းဝင်း ရေးသားတင်ပြသည့် ရိုးရိုးလေးသာ အားထုတ်ကြပါ စာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် ဆရာတော်ကြီးများ၏ အဆုံးအမများ၊ တရားဘာဝနာရှုမှတ် အားထုတ်ရာတွင် သိမှတ်ဖွယ်ရာများနှင့် တရားအားမထုတ်ဖူးသူများလည်း တရားရှုမှတ်ချင်စိတ် ဖြစ်လာစေရန် ရိုးရိုးရှင်းရှင်းရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်–ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း –၀၁–၈၃၉၂၈၃၅၊ ၀၉–၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။




### အတွေးအမြင် ဒဿနခေါင်းကြီးများ (၃)

အမှန်တရားကို မြတ်နိုးသောသူများ၏ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် အယ်ဒီတာအဖွဲ့စီစဉ်ရေးသားသည့် အတွေးအမြင် ဒဿနခေါင်းကြီးများ(၃) စာအုပ်ထွက်ရှိလာသည်။

အတွေးအမြင် ဒဿနခေါင်းကြီးများ(၃)တွင် စဉ်းစားတွေးတောတတ်သည့် တွေးခြင်းအလေ့အကျင့်ကို ပြုစုပျိုးထောင်လျက် အမှန်တရားမြတ်နိုးတတ်သောသူများ၏ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ဟူ၍ အတွေးအမြင်၏ရပ်တည်ချက် သဘောထားကို ထပ်မံဖော်ပြခဲ့ပေသည်။ အတွေးအမြင် ဒဿနခေါင်းကြီးများအားလုံးသည် အဆိုပါဦးတည်ချက်အတိုင်း ဦးလည်မသုန် ခရီးနှင်နေကြောင်းကို အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို–ဒေါင်းစာပေ၊ ၁၁၃/၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၃၇၃၂၁၀ နှင့် ၀၉ ၅၁၆၂၀၆၄ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။



### ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲကြသူများ၏ ဘဝပုံရိပ်များ

ဆရာထိန်လင်း (BE. Mechanical) ရေးသားသည့် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲကြသူများ၏ ဘဝပုံရိပ်များ စာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် ကမ္ဘာကျော်အတုယူဖွယ် ပုဂ္ဂိုလ်ခြောက်ယောက်အကြောင်းကို ငယ်ဘဝမှ အောင်မြင်သည်အထိ မဆုတ်မနစ် ကြိုးစားအားထုတ်ပြီး အောင်မြင်ကျော်ကြားကြွယ်ဝချမ်းသာလာပုံများကို ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်–ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း –၀၁–၈၃၉၂၈၃၅၊ ၀၉–၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

■ ကျောဖုံးမှ

မြန်မာအသင်းသည် အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခက်ခက်ခဲခဲအနိုင်ယူပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ လိုအပ်ချက်များ ရှိနေသေးသည့် မြန်မာယူ-၂၂ အသင်းသည် နှစ်ပွဲကစားလေးမှတ်ရထားသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် အဖွင့်ပွဲတွင် ကမ္ဘောဒီးယားနှင့် သရေကျခဲ့သောကြောင့် နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မြန်မာသည် မလေးရှားနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ဆန်းဆက်နိုင်(ဂိုး)၊ စိုးမိုးကျော်၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ထက်ဖြိုးဝေ၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရခဲ့သော်လည်း နောက်ပိုင်းတွင် ကစားကွက်ပြန်မိလာပြီး ဖိလစ်ပိုင်နှင့် အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၁၆ မိနစ်တွင် မြန်မာအသင်းဦးဆောင်ဂိုးရခဲ့ပြီး မြတ်ကောင်းခန့်၏ ဖန်တီးပေးမှုမှတစ်ဆင့် အောင်ကောင်းမာန်က ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း အိမ်ရှင်ဖိလစ်ပိုင်အသင်း၏ ရုန်းကန်မှုကြောင့် ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ အပြန်အလှန်ကစားခဲ့ရသည်။ မြန်မာအသင်း ခံစစ်မှာ လိုအပ်ချက်များရှိနေသေးပြီး ပထမပိုင်းပြီးခါနီးတွင် ဖိလစ်ပိုင်အသင်း ချေပဂိုး ပြန်ရကာ ဂျပ်စတင်ကသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ဖိလစ်ပိုင်အသင်းက ဂိုးထပ်ရရန် တိုက်စစ်ဖွင့်ကစားရာ မြန်မာအသင်း ဂိုးမပေးရရန် ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ မြန်မာအသင်းသည် မိနစ် ၆၀ နောက်ပိုင်းတွင် ဂိုးထပ်ရရန် အောင်ကောင်းမာန် အစား ဝင်းနိုင်ထွန်းကို ထည့်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ၇၉ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး မြတ်ကောင်းခန့် ဖန်တီးပေးသော ဘောလုံးကို ဝင်းနိုင်ထွန်းက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဝင်းနိုင်ထွန်းသည် ဂိုးရပြီးနောက်ပိုင်းတွင် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးထပ်ရသော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

မြန်မာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားပြီး တတိယပွဲအဖြစ် နိုဝင်ဘာ ၂၉ ရက်တွင် တီမောအသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**

**ဓာတ်ပုံ- စိုးညွန့်(ခေတ္တ-မနီလာ)**

# ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် မျှော်မှန်းထားသည့် မြန်မာဂျူဒိုအဖွဲ့

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာဂျူဒိုအဖွဲ့သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်ထားပြီး ကစားသမား ၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဂျူဒိုအဖွဲ့သည် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် အချိန်ယူပြင်ဆင်ထားပြီး မြန်မာနိုင်ငံက အားသာသည့် ကိုယ်အလေးချိန်မြင့်မားသော ဝိတ်တန်းများ ပါဝင်လာသလို အနားယူရန်စီစဉ်ထားသည့် ဝါရင့်ကစားသမား အေးအေးအောင်ကိုလည်း ယခုပြိုင်ပွဲတွင် ဆက်ကစားရန် လုပ်ဆောင်နိုင်ခဲ့သည်။ ဆီးဂိမ်းဂျူဒိုပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲအပြင် အသင်းလိုက်ပြိုင်ပွဲနှင့် ခတပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာဂျူဒိုအဖွဲ့အနေဖြင့် ပြိုင်ပွဲအားလုံးတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာဂျူဒိုအဖွဲ့တွင် အမျိုးသား-အောင်ဇေယျာထွန်း၊ ခေါရမ်ဆိုင်းအောင်၊ မိုင်းစံ၊ ကျော်ဝင်းဦး၊ ရန်နိုင်စိုး၊ ဇော်လင်းအောင်၊ ချစ်မင်းမင်းကို၊ အမျိုးသမီး-ခင်ခင်စု၊ နွယ်နီပွင့်လှိုင်၊ ခြူးမြတ်နိုးဝေ၊ ဖြိုးဆွေဇင်ကျော်၊ အေးအေးအောင်နှင့် ခင်မျိုးသူတို့ပါဝင်ကြသည်။ မြန်မာဂျူဒိုအဖွဲ့သည် ပြီးခဲ့သည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် လွဲချော်ခဲ့သောကြောင့် ပြန်လည်အောင်မြင်ရန်ပြင်ဆင်နေခြင်းဖြစ်ပြီး ဂျပန်နည်းပြဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ်တွင် ပုံမှန်ကျင်းပနေသည့် တစ်ဦးချင်းအတိုက်ပြိုင်ပွဲများအပြင် အသင်းလိုက်ပြိုင်ပွဲနှင့် ခတပြိုင်ပွဲကိုလည်း ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဂျူဒိုအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိသလို ဂျပန်နိုင်ငံ၌လည်း လေးကြိမ်အထိ သွားရောက်လေ့ကျင့်ခဲ့သည်။

"ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အားသာတဲ့ ဝိတ်တန်းတွေပါဝင်လာသလို ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့်လည်း အားရကျေနပ်မိပါတယ်။ ပြိုင်ပွဲမတိုင်ခင်မှာ ဂျပန်နိုင်ငံမှာ သွားရောက်လေ့ကျင့်ခဲ့သလို နိုဝင်ဘာလမှာလည်း ဂျပန်ကစားသမားတွေ မြန်မာနိုင်ငံကိုလာပြီး လေ့ကျင့်ခဲ့ပါတယ်။ ပြိုင်ပွဲသတ်မှတ်ချက်အရ အမျိုးသားပြိုင်ပွဲ ခြောက်မျိုးမှာ လေးမျိုး၊ အမျိုးသမီးပြိုင်ပွဲ ခြောက်မျိုးမှာ လေးမျိုး ယှဉ်ပြိုင်ခွင့်ရမှာပါ။ ကျွန်တော်တို့က အသင်းလိုက်နဲ့ ခတပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအမျိုးအစား ၁၁ မျိုး၌ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ပြိုင်ပွဲမှာ ရွှေဆုနဲ့ လွဲချော်ခဲ့တာကြောင့် ဒီနှစ်မှာအောင်မြင်မှုရဖို့ ကြိုးစားသွားမှာပါ"ဟု မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးက ပြောသည်။

**ရှိုင်းထက်ဇော်**

# ထိုင်းကလပ် ဆူခိုထိုင်းအသင်း မြန်မာနောက်ခံလူ ဇော်မင်းထွန်းကို တစ်ရာသီစာချုပ်

ရန်ကုန် နိုဝင်ဘာ ၂၇။ ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းသည် မြန်မာ့လက်ရွေးစင်အသင်း နောက်ခံလူ ဇော်မင်းထွန်းကို တစ်ရာသီစာချုပ်ချုပ်ဆိုခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်က တရားဝင်မိတ်ဆက်ခဲ့သည်။

ဇော်မင်းထွန်းသည် နိုဝင်ဘာ ၂၇ ရက်မှစတင်ကာ ဆူခိုထိုင်းအသင်းတွင် လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်ပြီး အသင်းသစ်တွင် ပွဲထွက်ခွင့်ရရန်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ဇော်မင်းထွန်းသည် နိုဝင်ဘာလတွင် ကစားခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီးတွင် ၎င်း၏အနာဂတ်ကို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ကမ်းလှမ်းခဲ့သည့်အသင်းများစွာထဲမှ ဆူခိုထိုင်းအသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် ပြီးခဲ့သည့်ရာသီတွင် ကစားခဲ့သည့် ချောင်ဘူရီအသင်းနှင့် သက်တမ်းမတိုးရန်ဆုံးဖြတ်ပြီးနောက် ဆူခိုထိုင်းအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာကစားသမားများသည် ၂၀၁၈ ခုနှစ်မှစ၍ ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားလျက်ရှိပြီး မြောင်တောင်အသင်းတွင် ကစားနေသည့် အောင်သူမှာလည်း ၎င်း၏အနာဂတ်ကို မကြာမီအတည်ပြုဖွယ်ရှိနေသည်။ ဆူခိုထိုင်းအသင်းသည် ဇော်မင်းထွန်းအပြင် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကို ကိုလည်း ခြေစွမ်းပိုင်းစမ်းသပ်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

## အနုပညာ



# ဒန်နီယန် စင်ကာပူပရိသတ်များနှင့် တွေ့ဆုံမည်

ကိုယ်ခံပညာမင်းသားကြီး ဒန်နီယန်ဟာ ရုပ်ရှင်သစ်အတွက် ပရိုမိုးရှင်းလုပ်ဆောင်တဲ့အနေနဲ့စင်ကာပူကိုသွားရောက်ကာ ပရိသတ်တွေနဲ့တွေ့ဆုံပွဲပြုလုပ်သွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဒီဇင်ဘာ ၉ ရက်မှာ စင်ကာပူပရိသတ်တွေနဲ့ Our Tampines Hub မှာတွေ့ဆုံပြီး ရုပ်ရှင်သစ်အတွက် ပရိုမိုးရှင်းလုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ လာမယ့်ဒီဇင်ဘာ ၂၀ ရက်မှာ Ip man ဇာတ်လမ်းတွဲတွေရဲ့ နောက်ဆုံးသော ရုပ်ရှင် Ip man 4: The Finale ကို စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

Ip man ရုပ်ရှင်တွေရဲ့ ပထမဆုံးသော ရုပ်ရှင်ကို ၂၀၀၈ ခုနှစ်အတွင်း စတင်ပြသခဲ့တာ ဖြစ်ပါတယ်။ ဒုတိယမြောက်ရုပ်ရှင်ကို ၂၀၁၀ ပြည့်နှစ်၊ တတိယမြောက်ရုပ်ရှင်ကို ၂၀၁၅ ခုနှစ်တွေမှာ ပြသခဲ့တာဖြစ်ပါတယ်။ မကြာမီပြသတော့မယ့် Ip man 4: The Finale ဟာ အဆိုပါဇာတ်လမ်းတွဲ ရုပ်ရှင်တွေရဲ့ စတုတ္ထမြောက်ရုပ်ရှင်ဖြစ်ပြီး နောက်ဆုံးသော ရုပ်ရှင်လည်း ဖြစ်ပါတယ်။

**အေးပြည့် စုစည်းသည်**

# ပရိသတ်တွေနဲ့ တွေ့ဆုံသွားမယ့် ကင်မ်ဝူဘင်



တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ကင်မ်ဝူဘင်ဟာ ကင်ဆာရောဂါကြောင့် အနုပညာလှုပ်ရှားမှုတွေကနေ အနားယူထားခဲ့ရာမှ လတ်တလောဆုပေးပွဲတစ်ခုမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့ကာ ပြန်လည်လှုပ်ရှားလာခဲ့ပါတယ်။ ဒီလိုအနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်လာတဲ့ မင်းသားဟာ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲပြုလုပ်သွားဖို့ရာ စီစဉ်ထားပြီး အချိန်အတော်ကြာမှ ပြန်လည်တွေ့ဆုံရတာဖြစ်တာကြောင့် စိတ်လှုပ်ရှားနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၂၇ ရက်မှာ ကင်မ်ဝူဘင်ဟာ ဆိုးလ်တွင် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ 2019 Kim Woo Bin Thank You လို့ အမည်ပေးထားတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို လာမယ့် ဒီဇင်ဘာ ၈ ရက်မှာ SMTOWN ကပွဲရုံမှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကင်မ်ဝူဘင်ဟာ ၂၀၁၇ ခုနှစ်အတွင်းကင်ဆာရောဂါကြောင့် အနုပညာလှုပ်ရှားမှုတွေကိုရပ်နားကာ ကုသမှုခံယူခဲ့တာဖြစ်ပါတယ်။ လာမယ့်လအတွင်း ပြုလုပ်သွားမယ့် ပရိသတ်တွေနဲ့တွေ့ဆုံပွဲဟာ ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ပြုလုပ်မယ့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲလည်းဖြစ်တာကြောင့် ကင်မ်ဝူဘင်အနေနဲ့ စိတ်လှုပ်ရှားနေကြောင်းလည်း သိရပါတယ်။ ဒီတွေ့ဆုံပွဲဟာ ကင်မ်ဝူဘင်ကို အစဉ်တစိုက်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိတဲ့အတွက် ပြုလုပ်ပေးတဲ့ ပွဲလည်းဖြစ်ပါတယ်။

ကင်မ်ဟာ ကင်ဆာရောဂါခံစားနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက်က ပထမဆုံးအကြိမ်အဖြစ် အနုပညာလှုပ်ရှားမှု ပြန်လည်စတင်ခဲ့တာပါ။ အကြိမ် (၄၀) မြောက် Blue Dragon Film Awards ဆုပေးပွဲမှာ ကင်မ်ဝူဘင်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

# EXO ရဲ့ အယ်လ်ဘမ်သစ် Obsession ထွက်ရှိ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ လတ်တလောမှာအဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးကိုလည်း တေးဗီဒီယိုနဲ့အတူ စတင်ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပရိသတ်တွေအချိန်အတော်ကြာစောင့်မျှော်ခဲ့ရတဲ့ EXO ရဲ့ တေးအယ်လ်ဘမ်သစ်ကတော့ Obsessionလို့ အမည်ရပြီး တေးအယ်လ်ဘမ်အပြည့်အစုံကို နိုဝင်ဘာ ၂၇ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်နဲ့အတူ ခေါင်းစီးတေး Obsession ကိုလည်း တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးသီချင်းဟာ ဟစ်ပ်ဟော့ပ်တေးသီချင်း အမျိုးအစားဖြစ်ပြီး ဒီတေးဗီဒီယိုမှာ အဖွဲ့ဝင်တွေရဲ့ အက စွမ်းရည်ကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

# အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလိုတော်ပြည့်ဘုရားပွဲတော်ကို (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄၊ ၁၅ ရက်)၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀၊ ၁၁ ရက်များတွင် အလိုတော်ပြည့်ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များမှ ဦးစီး၍ အမြို့မြို့အနယ်နယ်မှ ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး(၅၀၀၀)တို့ဖြင့် ဗုဒ္ဓပူဇနိယ ထီးဖြူတော်ဖွင့်ပွဲ အခမ်းအနားဖြင့် လှူဒါန်းပူဇော်ပြီး ပင့်သံဃာ(၅၂၈)ပါးတို့အား (၁)ပါးလျှင် (၁၀၀၀၀) ကျပ်ဖြင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။ မိမိတို့လောင်းလှူလိုသောပစ္စည်းများကို ပင့်သံဃာ(၅၂၈)ပါး အတွက် သံဃာ့ဒါန သံဃာစေ့လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

"ပျော်ပွဲရွှင်ပွဲများအနေဖြင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်"

အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့
ပုဂံ-ညောင်ဦး

# "ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း"

## ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျရောက်သော

# အင်းဝဘဏ်လီမိတက်၏
# (၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍

## နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး တိုးတက်ကြီးပွား အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မင်းမြတ်ကျော်ကုမ္ပဏီလီမိတက်(ဆန်းလိုက်)
ဦးဟင်ဘီး-ဒေါ်ဖြူဖြူဝင်းဆွေ(မိသားစု)

Certificate TH09/3125

ဦးသာရင် ၏ လေဝန်းလိမ်းဆေးမှုန့်
TMR 002767 (0519)

လေဝင်းထိမ်၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ပျောက်ကင်းနိုင်ပါသည်။

ISO 9001:2015 နှင့် GMP

Certificate TH06/3966

GWH M&E Engineering Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် ရေ/မီး ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိပါသည်။ နယ်မှလျှောက်ထားလိုသူများ ဦးစားပေးမည်။

အမှတ်-၁၁၀၆၊ ပုလဲကွန်ဒို၊ တိုက် C၊ ၁၁လွှာ၊ ဗဟန်းမြို့နယ်တွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအတွင်း ကိုယ်ရေးအချက်အလက်အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Ph:09-797389292

LUCKY HOME
Unitex = 200, 250
Orient = 150, 350
Premier = 350, 450
ICI = 500, 650
အပြီးအစီး
PH:09-425305837
09-250161966

" Better English For a Smarter Life"
ဦးရဲဇော်လတ် M.A.(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
December (5) Open
(Ph:09-5057138,09-73175231)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ၇ဈေးလမ်း၊ အမှတ်(၁၄၅၂/က)၊ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ စတုတ္ထထပ်(၅လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကိုကို[၁၂/ဗဟန(နိုင်)၀၇၉၆၅၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်းထိုက်[၁၂/ကမတ(နိုင်)၀၅၇၉၅၈]၊ ဒေါ်နီလာစိုး[၁၂/ဒပန(နိုင်)၀၃၆၂၉၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်းထိုက်နှင့် ဒေါ်နီလာစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅) |
| Ph-09-450023651 | Ph-09-254508917 | Ph-09-421157856 |

Level(၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower ၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ရပ်ကွက်၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်-၃၁၀/ခ၊ ဒုတိယထပ်-၃လွှာဟုခေါ်တွင်သော အကျယ်(၁၈'x၅၄')ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးမင်းစိုး[၁၀/မလမ(နိုင်)၁၃၉၅၈၃]မှ ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများတင်ပြပြီး ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်ဇင်မာအောင်
LL.B,DBL,DIL,DML,MA(Business Law)
အထက်တန်းရှေ့နေ(စဉ်-၃၉၃၃၇)
၂/၃၀/၂၀၀၊ ပြည်ထောင်စုလမ်း၊ ရွှေပြည်သာ
ဖုန်း-၀၉-၇၆၁၇၉၃၃၇၉

## မန္တလေး (၁၄/မအမ (နိုင်) ၀၈၃၆၅၀) နှင့် အများသိစေရန် ကြေညာခြင်း

၁။ [illegible]

၂။ [illegible] Viber [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးညွန့်ဝင်း
H.G.P, LL.B, D.B.L, D.M.L, Post Graduate Dip. in Global English
[illegible]

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# "ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း"

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင်
ကျရောက်သော
**အင်းဝဘဏ်လီမိတက်၏**
**(၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍**
နှောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး
တိုးတက်ကြီးပွားအောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**"Htoo Construction Development Group Co.,Ltd"**

**ဦးသီဟ-ဒေါ်ရွှေရွှေလင်း**

# "ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း"

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်တွင်
ကျရောက်သော
**အင်းဝဘဏ်လီမိတက်၏**
**(၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍**
နှောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး
တိုးတက်ကြီးပွားအောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**"Blue Diamond Cement Company Limited"**

**ဦးသီဟ-ဒေါ်ရွှေရွှေလင်း**

---

23
**မဆလာ**
(ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

---

## အိမ်ခြံပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်း၊ တောင်ဘက်လမ်းသွယ်၊ (၃၀'x၄၀') တစ်ထပ်တိုက်၊ ဈေးဆိုင်နှင့်ဆေးခန်းဖွင့်နိုင်သည်။
(ညှိနှိုင်းဈေး)

ဖုန်း-၀၉-၄၅၄၉၃၀၂၃၃

---

## ဒေါ်မျိုးသန္တာ(အဖ-ဦးအေးသန်း)၊ [၁၄/ဝခမ(နိုင်)၂၂၉၃၇၇]၊ ယခင်ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ စစ်ချောင်းကျေးရွာအုပ်စု၊ လမုတန်းကျေးရွာ၊ အမှတ်-၄၈ တွင်နေထိုင်ခဲ့သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအေးသွင်၏ဇနီးဖြစ်သူ ဒေါ်မျိုးသန္တာ[၁၄/ဝခမ(နိုင်)၂၂၉၃၇၇]သည် လင်ယောကျ်ားနေအိမ်တွင်မရှိခိုက် ၎င်း၏ သဘောတူညီမှုရယူခြင်းမရှိဘဲ ဘဏ်တွင်အပ်နှံမည့်အခြားသူများက ဦးအေးသွင်ထံ ယုံကြည်မှုဖြင့် အပ်နှံထားသော နေအိမ်တွင် ခေတ္တသိမ်းဆည်းထားသည့် ငွေကျပ်သိန်း(၃၀)နှင့် လက်ထက်ပွား ရွှေလက်ကောက် တစ်ရန်နှင့် ရွှေဆွဲကြိုးတစ်ကုံး ကာလတန်ဖိုးကျပ်သိန်း(၄၀)ခန့်တို့အား ယူဆောင်၍ နေအိမ်မှ ၂၈-၄-၂၀၁၉ ရက်တွင် ထွက်ခွာသွားပါသည်။ ဒေါ်မျိုးသန္တာ ယခုနေထိုင်သောလိပ်စာကို စုံစမ်းဆဲ မသိရသေးပါသောကြောင့် ၎င်းအား ဖြားယောင်းသွေးဆောင်ပြီး လက်ခံထားသူနှင့် ဒေါ်မျိုးသန္တာတို့အား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအေးသွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းထွန်း(စဉ်-၈၁၇၃)**
**အထက်တန်းရှေ့နေ**
**တိုက်(၁)၊ အခန်း(၃၀၁)၊ ဆရာစံလမ်း၊ (၂၇)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်။**
**ဖုန်း-၀၉-၄၄၃၀၁၄၅၆၀**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်-၇၅၁၊ အခန်း(၆)၊ ၂၀၂/၃လွှာ(ညာဘက်ခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နွယ်နီထွန်း[၁၄/ပသန(နိုင်)၁၁၂၆၇၅]ထံမှ ဒေါ်စန်းနွဲ့[၁၂/သဃက(နိုင်)၀၄၉၂၇၅]မှ ဝယ်ယူပိုင်ဆိုင်အကျိုးခံစားခဲ့သည်မှာ ၂၀၁၂ ခုနှစ်၊ မတ်လ(၅)ရက်နေ့မှစ၍ ယနေ့အချိန်အထိဖြစ်ကြောင်းနှင့် ယင်းအခန်းအား လက်ရှိပိုင်ရှင်ဖြစ်သည့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းနွဲ့ တစ်ဦးတည်းမှသာ ယင်းအခန်း၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်နှင့် စီမံခန့်ခွဲခွင့်တို့ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေပိုင် အထက်ပါတိုက်ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများမပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူဖြူအောင်(LL.B)** | **ဒေါ်ဥမ္မာဦး(LL.B)** |
| **(စဉ်-၈၉၇၆)** | **(စဉ်-၉၆၃၃)** |
| **Ph: 09799564091** | **Ph: 09421080325** |

**တရားလွှတ်တော်ရှေ့နေများ**

---

# "ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း"

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်တွင်ကျရောက်သော
**အင်းဝဘဏ်လီမိတက်၏**
**(၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍**
နှောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုးတိုးတက်ကြီးပွား
အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆန်းဘွဲ့ကုမ္ပဏီလီမိတက်**
**လန်းဆန်းလုပ်ငန်းစု**
**လန်းဆန်းဆောက်လုပ်ရေး**
**ဦးဆန်းလွင်(ဇနီး)ဒေါ်ခင်အေးမော်(မိသားစု)**
**ပဲခူးမြို့**

---

# ဘဏ်နှစ်ပတ်လည်နေ့ဆုတောင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်တွင်ကျရောက်သော
**အင်းဝဘဏ်လီမိတက်၏**
**(၂၂)နှစ်မြောက် ဘဏ်နှစ်ပတ်လည်နေ့မှစ၍**
နှောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး
တိုးတက်ကြီးပွားအောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**New Way Co.,Ltd**

**ဦးလွင်မင်း-ဒေါ်စန်းစန်းဝင်းနှင့်ဦးသိန်းလှိုင်**

---

**U ZAY Car Rental**
ဦးဇေ-ခရီးသွားတာဝန်ငှားလုပ်ငန်း
**09 42 111 6256**
**09 77 527 6011**

---

ထွက်ပြီ
စာစဉ် ၃၂၇
အတွေးအမြင်
ဒီဇင်ဘာလ
ဒေါင်းစာပေ

---

## ဝန်ထမ်းများ အမြန်အလိုရှိပါသည်

လမ်းမတော်မြို့နယ်ရှိ ကုမ္ပဏီရုံးတွင် တာဝန်ထမ်းဆောင်ရန်-

၁။ Sales Manager / Executive — ကျား/မ (၂)ဦး
၄၀ နှစ်အောက်၊ ဘွဲ့ရ လုပ်ငန်း အတွေ့အကြုံ (၅)နှစ်။
၂။ Marketing Manager / Executive — ကျား/မ (၂)ဦး
၄၀ နှစ်အောက်၊ ဘွဲ့ရ လုပ်ငန်း အတွေ့အကြုံ (၅)နှစ်။
၃။ စာရင်းစစ် (Internal Audit) — ကျား/မ (၂)ဦး
၄၅ နှစ်အောက်၊ စက်ရုံ/ကုန်ထုတ်လုပ်ငန်း အတွေ့အကြုံရှိသူ။
၄။ ကြီးကြပ်ရေးမှူး — ကျား (၁)ဦး
(၃၅)နှစ်အောက်၊ ဘွဲ့ရ ရုံးလုပ်ငန်းအတွေ့အကြုံ(၂)နှစ်။
၅။ စာရင်းကိုင် — ကျား/မ (၂)ဦး
၃၅ နှစ်အောက်၊ ဘွဲ့ရ LCCI-3၊ အတွေ့အကြုံ(၃)နှစ်။

လှိုင်သာယာစက်မှုဇုန်(၁)ရှိ စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်-

၁။ လျှပ်စစ်အင်ဂျင်နီယာ BE/B-Tech/AGTI (EP) — ကျား (၂)ဦး
၄၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်။
၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) — ကျား (၂)ဦး
၃၅ နှစ်အောက်၊ စက်ရုံကုန်ထုတ်လုပ်မှုအတွေ့အကြုံ(၃)နှစ်။
၃။ စာရေး ဘွဲ့ရ ၃၅ နှစ်အောက်၊ အတွေ့အကြုံ(၂)နှစ် — ကျား (၄)ဦး
၄။ မော်တော်ယာဉ်စက်ပြင် (၄၅ နှစ်အောက်) — ကျား (၂)ဦး
(ကားကြီး/သေးပြုပြင် အတွေ့အကြုံ(၃)နှစ်ရှိသူ)
၅။ စက်မှုကျွမ်းကျင် (Welder/Cutter/Fitter)(၄၀ နှစ်အောက်) — ကျား (၅)ဦး
၆။ လုံခြုံရေးမှူး / လုံခြုံရေး (၄၅ နှစ်အောက်) — ကျား (၃)ဦး

ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်ရှိ စက်ရုံများတွင်(စရိတ်ငြိမ်း)တာဝန်ထမ်းဆောင်ရန်-

၁။ စက်ရုံမန်နေဂျာ — ကျား (၃)ဦး
၄၅ နှစ်အောက်၊ဘွဲ့ရ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၅)နှစ်ရှိသူ
၂။ လက်ထောက်မန်နေဂျာ — ကျား (၃)ဦး
၄၀ နှစ်အောက်၊ဘွဲ့ရ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၃)နှစ်ရှိသူ
၃။ စာရေး ဘွဲ့ရ ၃၅ နှစ်အောက်၊ အတွေ့အကြုံ(၂)နှစ် — ကျား/မ (၅)ဦး
၄။ လုံခြုံရေး (၄၅ နှစ်အောက်) — ကျား (၃)ဦး

လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ အမှတ် (၁၆၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်သို့ ဒီဇင်ဘာလ (၂၁)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
(နယ်လျှောက်ထားမှုအတွက် စာတိုက်မှတစ်ဆင့်ပေးပို့ လျှောက်ထားနိုင်ပါသည်။)
(အရည်အချင်းနှင့်အတွေ့အကြုံပေါ်မူတည်၍ လစာကောင်းပေးမည်။)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ
### အသက် (၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်မြမြ အသက် (၉၀)သည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်**
**ဦးမြညိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း**
**ပထမအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရွှေနေချုပ်ရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ
### အသက် (၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ခင်မြမြ အသက်(၉၀)သည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊**
**အဖွဲ့ဝင်များနှင့် မိသားစုဝင်များ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ
### အသက်(၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်(BCS-55)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ခင်မြမြ အသက်(၉၀)သည် ၂၆-၁၁-၂၀၁၉(အင်္ဂါနေ့) ည၆:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရုံးချုပ်တရားသူကြီး (ငြိမ်း)**
**ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး (BCS-55)နှင့်**
**ဇနီး ဒေါ်ခင်နီ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ
### အသက် (၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်မြမြ အသက် (၉၀)သည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ အငြိမ်းစား ဥပဒေအရာရှိများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာချစ်ဆွေ (ပါမောက္ခချုပ်၊ ငြိမ်း)

မန်းတက္ကသိုလ် စတင်ဖွင့်လှစ်သည့် ၁၉၄၇ ခုနှစ်မှစ၍ ပထမနှစ် ဥပစာတန်းတွင် အတူ တက်ခဲ့ပြီး ဆရာအတူတူ လုပ်ခဲ့သော သူငယ်ချင်း ကိုချစ်ဆွေ(ဒေါက်တာချစ်ဆွေ) ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ဦးဘသန်း(မဟာဝိဇ္ဇာ)**
**ညွှန်ချုပ်(ငြိမ်း)**
**သုဝဏ္ဏ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ်၊ သင်္ချာဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်၍ အဖိုးတန်သင်္ချာအမွေများ ပေးခဲ့သော ကျေးဇူးရှင်ဆရာကြီး **ဒေါက်တာချစ်ဆွေ** ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲပါကြောင်း။

**ရန်ကုန်တက္ကသိုလ်၊ သင်္ချာမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ်၊ သင်္ချာဌာနတွင်
တာဝန် ထမ်းဆောင်ခဲ့ကြသော
**ဆရာကြီး ဒေါက်တာချစ်ဆွေ (ပါမောက္ခချုပ်-ငြိမ်း)**
နှင့်
**ဆရာကြီး ဦးအောင်စိန် (တွဲဖက်ပါမောက္ခ-ငြိမ်း)**
တို့ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသင်္ချာအသင်း**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်
### သိက္ခာတော် (၈၂)ဝါ၊ သက်တော် (၁၀၂)နှစ်
### ညောင်ဇင်ကျောင်းကျောင်းတိုက်
### ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်စံပြကျေးရွာ၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသော ပဓာနနာယက သိက္ခာတော်(၈၂)ဝါ၊ သက်တော် (၁၀၂)နှစ်ရှိ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်) ၂၀-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) ၅-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရှုခင်းသာစေတီတော် ကုန်းမြေမြတ်၌ အန္တိမ ပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဒေါ်တင်မေရီ(ခ)ဒေါ်တင်တင်
### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ ဆေးဥယျာဉ်လမ်းသွယ်၊ အမှတ် (၃၇၅/E ၂)နေ (ဦးချစ်-ဒေါ်အေးမေ)တို့၏ သမီး၊ (ဦးအောင်ဒင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သင်းသင်းအောင်-ဦးထူးယီ၊ ဦးငွေကျော်-ဒေါက်တာခိုင်ကေသီဟန်၊ ဒေါ်မေလှဲ့အောင်-ဦးသိန်းထွန်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မစုမြတ်နန္ဒာ-ကိုထွန်းထွန်းလင်းပင်၊ မောင်စိုးဝေယံ (ခ) မောင်ဘုန်းသော်ဟန်၊ မပန်းမြတ်သစ္စာတို့၏အဘွား၊ မောင်ဇမ္ဗူကျော်၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မူ(ခ) ဒေါ်မြင့်မြင့်ကြည် (ကျုံကန်)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာလမ်း၊ တိုက်(၇)၊ အခန်း(၂၀၇)၊ အနော်ရထာအိမ်ရာနေ ဦးဝင်းထွန်း(ခ)ဦးဟယ်ရီ(ရွှေပြည့်စုံဈေး)၏ ချစ်လှစွာသောဇနီး၊ ဦးဉာဏ်ဝင်း-ဒေါ်သီသီအောင်၊ ဦးအောင်စည်သူမျိုး (မြဝတီ ထရေးဒင်းလီမိတက်)၊ ဒေါ်ဝင်းမြတ်မွန်တို့၏ ချစ်လှစွာသောမိခင်၊ မကြည်စင်သန့်၊ မဆုဖြူစင် (ထ-၅၊ ဗိုလ်တထောင်)၊ မချောပြည့်စုံစံ(ထ-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၁၁-၂၀၁၉(အင်္ဂါနေ့) ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသိန်း
### အသက် (၉၃)နှစ်

Dagon Seikkan International Logistic Services Co., Ltd မှ အစုရှယ်ရာရှင် ဦးမြင့်ဆန်း၏မိခင်ဖြစ်သူ ဒေါ်မြသိန်း အသက်(၉၃)နှစ်သည် ၂၅-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာရှင်များ**
**DIL Co., Ltd**

## ပျောက်ဆုံးကြောင်း

Seeds Energy Agro Group Co.,Ltd ဖြင့် တင်သွင်းလာသော ပစ္စည်းများ၏ ID No.100033664951 (10.7.2017), 100045873062 (30-10-2017) တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးသူရိန်ဝင်း**

**ဖုန်း-၀၉-၇၉၈၁၂၆၃၁၄**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးသိန်းထိုက်ဦး[၅/မရန(နိုင်)၀၀၀၄၇၄]၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၄၈၄၆၁၀၉၅**

### ဒေးဒရဲမြို့နယ်အသင်း
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
## ဒေါ်ငြိမ်းထွေး(ဒေးဒရဲ)
### အသက် (၁၀၀)

ဒေးဒရဲမြို့ကမ်းနားလမ်းနေ (ဦးရိုန်)၏ဇနီး၊ ဦးတင်ဦး-ဒေါ်ထားရီ၊ (ဦးခင်မောင်မြင့်)-ဒေါ်ကြည်ကြည်စိန်၊ ဦးခင်မောင်တင့်-(ဒေါ်ကြူကြူခိုင်)၊ ဦးတင်ထွန်း-(ဒေါ်ခင်ငွေးတင့်)၊ (ဦးထွန်းအောင်)-ဒေါ်ခင်သိန်းငွေ၊ ဦးအုန်းမြင့်-ဒေါ်မြင့်မြင့်အေး၊ ဦးအေးထွန်း-ဒေါ်သန်းသန်းရှိန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၈ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၉ ရက်တွင် ဒေးဒရဲ အထက်ပိုင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များနှင့် မိတ်ဆွေအပေါင်းအသင်းများအား အသိပေးအပ်ပါသည်။ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ်(၃၉၁)၊ ဂရန်မြေနှင့်အိမ်အား ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်တင်တင်အေး[၁၂/အလန(နိုင်)၀၁၃၂၈၃]ထံမှ အဆိုပါအိမ်နှင့်မြေအား ကျွန်မမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့ခိုင်[၈/ပခက(နိုင်)၁၆၁၄၁၆]**
**ဖုန်း-၀၉-၇၈၈၈၁၃၄၅၆၊ ၀၉-၉၅၁၁၁၄၄၂**

## ဦးဝင်းကြည်
### အသက်(၇၆)နှစ်
### သထုံမြို့

သထုံမြို့နေ (ဦးစိုးတင့်-ဒေါ်ကြည်)(ဆိုရှယ်ပုံနှိပ်တိုက်)တို့၏သား၊ ပဲခူးမြို့နေ (ဦးဘငွေး-ဒေါ်သန်းကြည်)တို့၏ သား သမက်၊ (ဒေါ်အေးသွင်)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးမြင့်ဆွေ-ဒေါ်တင်တင်ကြည်)၊(ဦးဟန်စိန်)-ဒေါ်ချိုချိုဝင်းတို့၏မောင်/အစ်ကို၊ ရန်ကုန်မြို့နေ ဦးမိုးကြည်-ဒေါ်ကေသီဟန်၊ ဦးဇော်မင်းထွန်း-ဒေါ်အေးပပဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဇေခန့်စံ၊ မမြဖူးဖူးစံ၊ မသက်ထားဇော်၊ မသက်ဆုတို့၏ ချစ်လှစွာသောအဘိုးသည် ၂၇-၁၁-၂၀၁၉(ဗုဒ္ဓဟူးနေ့) ညနေ ၆:၁၅ နာရီတွင် ကန်တော်ကလေးနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉(သောကြာနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပါမည်။ သင်္ဂြိုဟ်မည့်အချိန် ထပ်မံ ကြေညာပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြမြ (ဘိုကလေး)
### အသက် (၉၀)

ကျေးဇူးရှင် သရေစည်သူ အဘ ဦးအေးမောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးနိုင်မင်းဦး - ဒေါ်ကေခိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်မြမြသည် ၂၆-၁၁- ၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင် -ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

### ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြမြ (ဘိုကလေး)
### အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)လမ်း၊ အမှတ်(၄က/၁)နေ ဂုဏ်ထူးဆောင်နာယက သရေစည်သူ ဦးအေးမောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)၏ဇနီး ဒေါ်ခင်မြမြသည် ၂၆-၁၁-၂၀၁၉ ရက် ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဦးဇော်ဝင်း
### Senior Project Manager Takasago Thermal Engineering
### အသက် (၄၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာနေ (ဦးသောင်းရွှေ)-ဒေါ်ဝင်းကြည်တို့၏သား၊ မသီသီဝင်း၏မောင်၊ ပဲခူးမြို့နေ ကိုမောင်မောင်လွင်-မမြင့်မြင့်အေးတို့၏ ညီ/မောင်၊ မသီသီလွင်၏အစ်ကို၊ အမှတ် (၁၂၀)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ဝတ်ရည်မော်၏ခင်ပွန်း၊ မောင်ကောင်းပြည့်စုံ၊ မအိန္ဒြာဖူးဝေတို့၏ ဖခင်သည် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ပျောက်ဆုံးကြောင်း

ကျွန်မ၏သားဖြစ်သူ မောင်လင်းထွန်း [၁၂/လသန(နိုင်)၀၁၈၇၀၉]၏ သီလဝါအများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်(MTSH ID-7442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်မြမြ**
**[၁၂/လသန(နိုင်)၀၁၀၆၉၄]**
**ဖုန်း-၀၉-၅၀၀၁၉၅၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြမြ
### အသက် (၉၀)

ရွှေနေချုပ်(ငြိမ်း) သရေစည်သူ ဦးအေးမောင်၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်မြမြ အသက် (၉၀)သည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သရေစည်သူ ဦးသောင်းညွှန့်နှင့် ဇနီး ဒေါ်နီနီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခချုပ် ဒေါက်တာချစ်ဆွေ(ငြိမ်း)
### အသက် (၈၉)နှစ်

ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်(သင်္ချာ)၊ တက္ကသိုလ်များ ကွန်ပျူတာဌာန ညွှန်ကြားရေးမှူး၊ ဒေါက်တာချစ်ဆွေ အသက်(၈၉)နှစ်သည် ၂၅-၁၁-၂၀၁၉ ရက် နံနက်၁၀း၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Ex-UCC မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးခိုင်
### အသက် (၆၄)နှစ်

ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်၊ တောင်ဘုရားကြီးလမ်းနေ အောင်ဆန်း(၁၂) ဦးမောင်မောင်သက် (လက်ထောက်ညွှန်မှူး-ငြိမ်း၊ ထွေ/အုပ်) ၏ ဇနီးဖြစ်သူ ဒေါ်အေးအေးခိုင် အသက် (၆၄)နှစ်သည် ၂၆-၁၁-၂၀၁၉ ရက်နေ့ မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**အောင်ဆန်း(၁၂) သင်တန်းဆင်းအရာရှိများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၄)ဖြတ်လမ်း၊ အမှတ်(၂/၁၂၆၀)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်၂ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်(ခ) (ခေါင်းရင်းဘက်ခန်း)၊ အကျယ် အဝန်း(၁၈ပေခွဲx၅၄ပေ)ရှိတိုက်ခန်းကို လက်ဝယ်ရှိပိုင်ဆိုင်ပြီး မည်သူကိုမဆို လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ တင်ပြကမ်းလှမ်းလာသူ ဒေါ်သန်းသန်းအေး[၁၂/မဂတ(နိုင်)၀၇၉၀၃၁]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမပေါ်ပေါက်ပါက ဝယ်ယူသူကအရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**အမှတ်(၅၆၁)၊ အခန်း၃၀၂၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြမြ (ဘိုကလေး)

**အသက်(၉၀)**

ဘိုကလေးမြို့နေ (ဦးသိန်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)လမ်း၊ အမှတ်(၄က/၁)နေ သရေစည်သူ ဦးအေးမောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)၏ ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်နိုင်နိုင်ဦး၊ ဒေါက်တာသူရိန်-ဒေါက်တာမြတ်မြတ်ဟန်၊ ဦးနေဝင်းဦး-ဒေါ်အိဌေးဖြူ၊ ဦးနိုင်မင်းဦး-ဒေါ်ကေခိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြသိန်း (ပခုက္ကူ)

**အသက် (၉၃) နှစ်**

ဦးမြင့်ဆန်း (မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင်)၏မိခင်ဖြစ်သူ ဒေါ်မြသိန်း (ဒေါ်မြသိန်းနှင့်သားများ ပလတ်စတစ်လုပ်ငန်း)သည် ၂၅-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်မြမြ (ဘိုကလေး)

**အသက် (၉၀)**

သရေစည်သူ ဦးအေးမောင် (နိုင်ငံတော်ရှေ့နေချုပ်-ငြိမ်း)၏ ဇနီး၊ သူငယ်ချင်း ဦးနိုင်မင်းဦး-ဒေါ်ကေခိုင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်မြမြသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည် ။

**TTC 87 Batch ကျောင်းသား/ကျောင်းသူဟောင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာချစ်ဆွေ ပါမောက္ခချုပ်(ငြိမ်း)

**အသက်(၈၉)နှစ်**

ရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာချစ်ဆွေ ပါမောက္ခချုပ်(ငြိမ်း)သည် ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လွင်လွင်သန်း

**ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)**
**အလုပ်အမှုဆောင်အဖွဲ့ဝင်၊ Myanmar KOICA Club (MMKC)**

**အသက် (၆၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်အမှတ် (၁၃)၊ အမှတ် (၂၄)နေ ဒေါ်လွင်လွင်သန်း [အလုပ်အမှုဆောင်အဖွဲ့ဝင် (MMKC)]သည် ၂၅-၁၁-၂၀၁၉ ရက် (တနင်္လာနေ့)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**Myanmar KOICA Club (MMKC)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးဇော်ဇော်ဦး

**အသက် (၄၆)နှစ်**

ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်ဦးသည် ၂၄-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း သိရှိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဇော်ဦးသည် ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပြီး စေတနာကောင်းဖြင့် ကူညီသူဖြစ်၍ ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ဦးဌေးအောင်**
**HOUSE OF ORCHID**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်မြမြ (ဘိုကလေး) အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)လမ်း၊ အမှတ်(၄က/၁)နေ သရေစည်သူ ဦးအေးမောင်(နိုင်ငံတော်ရှေ့နေ ချုပ်-ငြိမ်း)၏ဇနီး ဒေါ်ခင်မြမြသည် ၂၆-၁၁-၂၀၁၉(အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာတို့မိသားစုနှင့်အတူ ထပ်တူတပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးတင်ထူးစိန်(ငြိမ်း)၊ ဗိုလ်မှူးစောသိုက်(ငြိမ်း)**
**ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ရုံး ဝန်ထမ်းဟောင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကြွယ်

**အသက် (၇၈)နှစ်**

ဦးစိုးမင်း [ညွှန်ကြားရေးမှူး၊ ကညန(ကလ) ရန်ကုန်တိုင်းဒေသကြီး]-ဒေါ်ဝင့်ဝင့်နိုင်တို့၏ မိခင်ကြီး ဒေါ်ကြွယ်သည် ၂၄-၁၁-၂၀၁၉ ရက်နေ့တွင် ဝေါမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်**
**(၇၃)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာ မောင်မောင်ချို

**အသက် (၅၃)နှစ်**

သူငယ်ချင်းဒေါက်တာ မောင်မောင်ချိုသည် ၂၇-၁၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**21st Batch B.D.S**
**သူငယ်ချင်းများ**

---

## ဦးရွှေ(ခ)ဦးဂန္ဓီ (Bsc.BL)

**အသက်(၈၈)နှစ်**
**ဘဏ်မန်နေဂျာ (ငြိမ်း)**
**မြန်မာ့စီးပွားရေးဘဏ်ခွဲ (၄)**
**တရားရုံးချုပ်ရှေ့နေ**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာနေ (ဦးရာမ-ဒေါ်ချစ်)တို့၏ သား၊ ဒေါ်ခင်လှိုင်၏ ခင်ပွန်း၊ ဒေါ်ယဉ်လှိုင်ချစ် [မန်နေဂျာ-မြန်မာ့စီးပွားရေးဘဏ်-ငွေစုဘဏ်ခွဲ(၂)]-ဦးမြတ်ဆန်း(CMA CGM Co.,Ltd.)၊ မအေးသူဇာရွှေ (ရွှေလှိုင်ထွန်းရွှေပန်းထိမ်လုပ်ငန်း)တို့၏ဖခင် ဦးရွှေ(ခ)ဦးဂန္ဓီသည် ၂၆-၁၁-၂၀၁၉ ရက် နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ ရက် (သောကြာနေ့)တွင် နတ်စင်ကုန်းမြောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိုးသိန်း

**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ တိုက်(၃၅)၊ အခန်း (ခြောက်လွှာ-A)နေ (ဦးစိန်ဝင်း-ဒေါ်နက်)တို့၏ သား၊ (ဦးတင်လှ-ဒေါ်ကြည်)တို့၏ သားသမက်၊ (ဒေါ်အုန်းမြင့်)၏ ခင်ပွန်း၊ ဦးမြင့်စိုး (Sembcorp Myingyan Power Company)-ဒေါ်ခင်မြင့်နိုင်၊ ဦးသန်း နိုင်-ဒေါ်အေးစန္ဒာစိုး၊ ဦးကျော်စိုး-ဒေါ်ညိုနွယ်မြင့်၊ ဦးမင်းသက်စိုး-ဒေါ်ခင်ဆွေဦး၊ ဦးနိုင်ထွန်းစိုး (Forever Group Company Limited)-ဒေါ်ကေမာနိုင်တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၅-၁၁-၂၀၁၉ရက် ညနေ ၅:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသန္တာ(ခ) ဒေါ်ခင်သန်းနု (တောင်သာ)

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ သာကေတ၊ ၁/ထူပါရုံ၊ အနောက်(၈)လမ်း၊ အမှတ် (၉၆၃)နေ (ဦးတင်အောင်-ဒေါ်တင်ဥ)တို့၏ သမီး၊ (ဦးလှဖေ-ဒေါ်သန်းကျင်)တို့၏ သမီးချွေးမ၊ ဦးနိုင်ဝင်းထူး-ဒေါ်ယမင်းရှိန်၊ ဒေါ်ကေသွယ်ရှိန်၊ ဦးရာဇာဦး-ဒေါ်ရည်မွန်ရှိန်၊ ဦးအောင်မြတ်သူ-ဒေါ်ဇင်မာဖြိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးထွန်းရှိန် (မြို့နယ် စာရင်းစစ်အရာရှိ၊ ငြိမ်း)၏ဇနီး ဒေါ်မြသန္တာ(ခ)ဒေါ်ခင်သန်းနုသည် ၂၆-၁၁-၂၀၁၉ ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
သာသနဓဇ ဓမ္မာစရိယ

## ဘဒ္ဒန္တယသ မဟာထေရ်မြတ်

**သိက္ခာတော် (၆၇) ဝါ၊ သက်တော် (၈၇)နှစ်**
**(မာန်အောင်)**

မာန်အောင်မြို့နယ်၊ သစ်ဝအုပ်စု၊ တောရကျောင်းတိုက်ဦးစီးပဓာနနာယက၊ သာသနဓဇ ဓမ္မာစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တယသ မဟာထေရ်မြတ် သိက္ခာတော် (၆၇)ဝါ၊ သက်တော် (၈၇)နှစ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၆-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်) ၈-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဈာပနကွင်းသို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
တောရကျောင်းတိုက်၊ သစ်ဝအုပ်စု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသိန်း (ပခုက္ကူ)

**အသက် (၉၃)နှစ်**

**ဒေါ်မြသိန်းနှင့် သားများ ပလတ်စတစ်လုပ်ငန်း၊ Lin Thar Oo Hotel နှင့် Blue Ocean (ပလီ)**

ပခုက္ကူမြို့နေ (ဦးအေးမင်း-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးချစ်)၊ ဒေါ်တင်ရီ၊ (ဒေါ်လှမြင့်)တို့၏ ညီမ/အစ်မကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၄၂/၄၄/၄၆၊ (၅၂)လမ်း (အောက်)နေ (ဦးသန်းအောင်)၏ ဇနီး၊ ဦးမြင့်ဆန်း-ဒေါ်စန္ဒာဝင်း၊ [ဦးမြသွေး(ခ)ဦးဖိုးခင်]၊ ဒေါ်နီနီအေး၊ ဦးကိုကိုလေး-ဒေါ်ခင်မျိုးရီတို့၏ မိခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘွားကြီးသည် ၂၅-၁၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ဇာတိထုံးစံအရ ၂၆-၁၁-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးစီးပါကြောင်းနှင့် မိခင်ကြီးအားရည်စူး၍ ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်တွင် ကုသိုလ်အလှူပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ထွေး

**ဥက္ကဋ္ဌ (မနောဇကေရီကုမ္ပဏီနှင့် မြို့ပြရွှေပြည်ကုမ္ပဏီ)**
**နာယက (သီဟခနေရာဇာ ကုမ္ပဏီ)**
**နာယက (မင်းမြတ်ရာဇာ ကုမ္ပဏီ)**
**နာယက (မင်းမဟာတိုး ကုမ္ပဏီ)**
**နာယက (တော်ဝင်ရွှေနိုင်ငံ ကုမ္ပဏီ)**

**အသက် ( ၆၆ ) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ သပွတ္တော အနောက်ကျေးရွာနေ (ဦးဖိုးထန်-ဒေါ်မြသင်)တို့၏ သား ၊ ရွှေဘိုမြို့နယ်၊ မြင်းစီးကျေးရွာနေ (ဦးလရောင်-ဒေါ်ကြည်အေး)တို့၏ သားသမက်၊ မိုးကောင်းမြို့၊ နောင်ကိုင်တော်ရပ်နေ ဒေါ်ခင်မြင့်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဖြိုးမင်းဦး-ဒေါ်ငြိမ်းငြိမ်းထွေး၊ ဦးမျိုးဇော်ထွေး-ဒေါ်မေသဇင်၊ ဦးတိုးဇော်ထွေး-ဒေါ်သင်းနွယ်စိုး၊ ဦးရှိန်းဘိုဘိုနိုင်-ဒေါ်ချိုလွင်ထွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးမြင့်ထွေးသည် ၂၆-၁၁-၂၀၁၉ ရက် နံနက် ၁:၃၀နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ Appolo Hospital ၌ ဆေးကုသမှုခံယူစဉ် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် မန္တလေးမြို့၊ (၉)လမ်း၊ (၇၆)လမ်းထောင့် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အာနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်အုန်း (၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း (၂၀)၊ အမှတ်(၂၇၈/ခ)နေ (ဦးပန်းလှိုင်-ဒေါ်ခင်သန်း)တို့၏ သမီး၊ (ဦးမြတ်ကျော်-ဒေါ်သောင်းစိန်)တို့၏ သမီးချွေးမ၊ (ဦးထွန်းလှိုင်)၏ ဇနီး၊ (ဦးထွန်းမြင့်)-ဒေါ်လှရွှေလှိုင်တို့၏ ညီမ၊ ဒေါ်သောင်းရီ၊ (ဒေါ်ခင်ထွေးရီ)တို့၏ အစ်မ၊ ဦးမိုးကျော်စွာ (MOFA) -ဒေါ်ရီမာသွင်(အထက-၄၊ တ/ဒဂုံ)၊ ဒေါ်ခင်စန္ဒာထွန်း၊ ဦးတိုးအောင်-ဒေါ်တင်ပြည့်ပြည့်ဇော်၊ ဒေါ်မေစန္ဒာထွန်း (Success ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ဒီဘိုးရာခင်မိတ်

**အခြေခံပညာဦးစီးဌာန (ငြိမ်း)**

**အသက် (၈၈)နှစ်**

ရန်ကုန်မြို့နေ (ဦးရွှေမိတ်-ဒေါ်မေမေ)တို့၏ သမီး၊ (ဦးချင်ထွင့်မိတ်)-ဒေါ်ညွန့်ညွန့်ထွင့်တို့၏ ချစ်လှစွာသောညီမ၊ ဒေါ်မာဂရက်သန္တာထွင့်၊ (ဦးဖိလစ်ရင်ထွင့်)၊ ဦးဌေးစန်း-ဒေါ်အယ်နီနန္ဒာထွင့်၊ ဦးစတီဗင်နိုင်ထွင့်-ဒေါ်အေးအေးကြည်၊ ဒေါ်လွင်လွင်ထွင့်၊ ဦးစင်ကြယ်ထွင့်-ဒေါ်ဆုဆုဟိန်း၊ ဦးပီတာစိုးထွင့်-ဒေါ်တင်တင်မာ၊ ဦးမာကုလင်းထွင့်၊ ဒေါ်နှင်းနှင်းထွင့်၊ ဦးရှင်းသန့်ထွင့်-ဒေါ်ဖူးသန္တာလှိုင်တို့၏ ချစ်လှစွာသောအဒေါ်သည် ၂၇-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် အထက်ဘုံမဲဇာရွာ သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပုချို(သူရဲသမိန်)

**အသက် (၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်စံပြကျေးရွာနေ (ဦးစံအေး-ဒေါ်ချစ်စိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ အမှတ် (၆၁)နေ (ဦးစံသိန်း)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်တိုးတိုးစိန်၊ ဒေါ်မေယုဇင်၊ ဒေါ်မေနွဲ့ဇင် (ကထိက၊ သင်္ချာဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးညီညီဇင် (စံရတနာရွှေဆိုင်၊ ကမ္ဘာအေးဈေး) ၊ ဦးညီညီလွင်-ဒေါ်သော်သော်ဟန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမေရတနာဇင်၊ မမေဘရဏီဇင်တို့၏ အဘွား၊ မဇင်ဇင်ယုယနွေး၏ ဘွားဘွားကြီးသည် ၂၆-၁၁-၂၀၁၉ (အင်္ဂါနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၉ (တနင်္လာနေ့)တွင် အမှတ်(၆၁)၊ ဘုရားကြီးလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ရေးအစီအစဉ် ကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပွင့်လင်းမြင်သာစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် သတင်းထုတ်ပြန်ရေးအဖွဲ့မှ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းများထုတ်ပြန်သည့် အစီအစဉ်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာအဖွဲ့ (၁၉) ဖွဲ့မှ သတင်းမီဒီယာသမားများ ၄၀ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❐

## ကြေးမုံ ယနေ့ဖတ်စရာ

ကန်ပက်လက်မြို့နယ် အပါအဝင် ချင်းပြည်နယ်တောင်ပိုင်း တစ်ခုလုံးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခုကို အမြန်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် စာမျက်နှာ » ၁၁

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ စာမျက်နှာ » ၁၂

နယူးယောက်မြို့တော်၌ အီး-စီးကရက်များ ရောင်းချမှု ပိတ်ပင်လိုက်ပြီ စာမျက်နှာ » ၁၃

ထိုင်းကလပ် ဆူခိုထိုင်းအသင်း မြန်မာနောက်ခံလူ ဇော်မင်းထွန်းကို တစ်ရာသီစာချုပ် စာမျက်နှာ » ၂၀



မြန်မာအသင်းတိုက်စစ်မှူး အောင်ကောင်းမာန် ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## မြန်မာအသင်း အိမ်ရှင်ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

မနီလာ နိုဝင်ဘာ ၂၇

၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ရီဇယ်လ် အမှတ်တရကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာယူ-၂၂ အသင်းက ဖိလစ်ပိုင်ယူ-၂၂ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ■

## U-14 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF 100 Plus Cup (States & Regions) U-14 Boy's Football Tournament 2019 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့သည် နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားမြက်ခင်းတုကွင်း(၁)၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲ အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား MRTV နှင့် MRTV Sports Channel တို့မှ ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

